# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၀၄)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၇-၁၀-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားနေမှုကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကား

နေပြည်တော် အောက်တိုဘာ ၆

ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ အဘိဓမ္မာတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီးများ ထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၄ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၆

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၇ ရက်၊ အင်္ဂါနေ့။

မန္တလေး

# နိုင်ငံတော်၏ ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်အနက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်မြင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အဓိကပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတပေါကြွယ်ဝပြီး ငယ်ရွယ်နုပျိုသည့် လူသားအရင်းအမြစ်များရှိကြောင်း၊ ရေ မြေသဘာဝကောင်းမွန်၍ ကျယ်ဝန်းသည့် စိုက်ပျိုးမြေများလည်းရှိသည့်အတွက် အစဉ်အဆက် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြကာ နိုင်ငံ၏ စားရေရိက္ခာကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အောက်တိုဘာ ၃ရက် မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၅)တွင် ပြောကြားခဲ့သည်။

ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးပုံစံများ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်မှ Value Added တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းနိုင်ရန်လိုအပ်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ယနေ့ခေတ်တွင်လည်း "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသည့် ဆောင်ပုဒ်နှင့် အညီ အားပေးမြှင့်တင်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ကုန်ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် ခေတ်မီနည်းပညာ သုံးစွဲခြင်းကို အားပေးကာ ပြည်တွင်းထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို နိုင်ငံတကာအဆင့်မီစေရန် သတ်မှတ်ပြဋ္ဌာန်းပြီး အရည်အသွေးထိန်းချုပ်ခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဖန်တီးနိုင်ရန်အတွက် အထောက်အပံ့များပေးရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း အသက်မွေးဝမ်းကျောင်း ပညာရေးစနစ်များတိုးမြှင့်ပေးခြင်း၊ လုပ်ငန်းခွင်စွမ်းရည်မြှင့်သင်တန်းများ ဖန်တီးပေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် သင့်လျော်သည့် လုပ်ခလစာကို အာမခံပေးခြင်းဖြင့် ၎င်းတို့၏စိတ်ဓာတ်နှင့် ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စက်မှုဇုန် ၂၈ ခု၊ စက်မှုရပ်ကွက် ၅ ခုနှင့် တည်ထောင်ဆဲစက်မှုဇုန်စီမံကိန်း ၂ ခုရှိသည့်အတွက် စက်မှုဇုန်များကို အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့်လည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ခြင်းကို အထောက်အကူပြုမည့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ဈေးကွက်ချိတ်ဆက်မှုများကို ဖန်တီးပေးရန် အားသွန်ခွန်စိုက်ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များတည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်းပြောကြားသည်။

နိုင်ငံတော်၏ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာမူတည်သောကြောင့် အသစ်ဖော်ဆောင်မည့် စက်မှုဇုန်များ စနစ်တကျ ဖော်ဆောင်နိုင်ရေးအပြင် တည်ထောင်ပြီး စက်မှုဇုန်များကိုလည်း စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လည်းအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်တော်၌ သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**ပုသိမ်ကြီး အောက်တိုဘာ ၆**

မန္တလေးမြို့၏ အရှေ့ဘက်၊ ပုသိမ်ကြီးမြို့နယ်ရှိ ရန်ကင်းတောင်တော်တွင် ၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာအခါတော်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ပုသိမ်ကြီးမြို့နယ်တွင် အထင်ကရနေရာများထဲမှ ရန်ကင်းတောင်တော် သည် ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့တိုင် တည်ထားကိုးကွယ်လာကြသည့် ရှေးဟောင်းသမိုင်း ဘုရား၊ စေတီများတည်ရှိရာ နေရာတစ်ခုပင်ဖြစ်သည်။



ဒီနေ့က 'သီတင်းကျွတ်လရုံးပိတ်၊ ကျောင်းပိတ်ရက်များ ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများ၊ ရန်ကင်းတောင်ဝန်းကျင်၊ ကျေးရွာများမှဒေသခံပြည်သူများ၊ မန္တလေးမြို့သူ၊ မြို့သားများ လာရောက်လည်ပတ်ကြသည်။ ဘုရားဖူးများသည် နံနက်ပိုင်းတွင် ရန်ကင်းတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ရေသန့်ထွက်ရှိသည့် အတုလ မဟာမြကျောက်စေတီတော်တို့တွင် လာရောက်လည်ပတ်လေ့ရှိပြီး ညနေပိုင်းတွင် မန္တလေးမြို့ရှိ ကျောက်တော်ကြီးဘုရားပွဲသို့ သွားရောက်လည်ပတ်ကြသည်'ဟု ဘုရားဖူးလာသူတစ်ဦးက ပြောကြားသည်။

ရန်ကင်းတောင်တော်ပေါ်ရှိ အထူးထင်ရှားလှသည့် ငါးရံ့မင်းရှိရာ သဘာဝငါးရံ့မင်းလိုဏ်ဂူ၊ ကြိုးကြာမင်းစေတီ၊ ဟင်္သာမင်း၊ နဂါးရုံဘုရား၊ စသည့်နေရာများသို့ ကား၊ ဆိုင်ကယ်များဖြင့် တက်သလို၊ တချို့မှာ တောင်ပေါ်မှ တောင်အောက်သို့ ခြေကျင်တက်ကြသူများလည်းရှိသည်။ ခြေကျင်တက်ကြသူများသည် တောင်ပတ်လမ်းမှ တက်ကြ၍ အရှေ့ဘက်တွင် ရှမ်းရိုးမတောင်တန်းကြီးများ၊ အနောက်ဘက်တွင် မန္တလေးမြို့၏ ရှုခင်းများကို ရှုမြင်ခံစားနိုင်သည်။ ပုသိမ်ကြီးမြို့၏ ညပိုင်းတွင် နှစ်စဉ်ကျင်းပသည့် ချမ်းသာလှဘုရားတွင် ဆီမီးပူဇော်ပွဲကျင်းပလျက်ရှိကြောင်း သိရသည်။

(၀၉၅)

## မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)သို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားအပန်းဖြေသူများ လာရောက်လည်ပတ်

**မန္တလေး အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ ရုံးပိတ်ရက်များတွင် မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီး ဘုရားပုထိုးစေတီများမှာ ကောင်းမှုကုသိုလ် အလှူဒါနပြုကြသူများ၊ ကစားကွင်းများ၊ ပန်းဥယျာဉ်များတွင် အပန်းဖြေလေ့လာကြသူများနှင့် စည်ကားလျက်ရှိပြီး တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှာလည်း အနယ်နယ်အရပ်ရပ်မှခရီးသွားလာပြည်သူများနှင့် စည်ကားလျက်ရှိသည်။ ဦးကျော်ဝင်းထွန်း တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) အုပ်ချုပ်ရေးတာဝန်ခံက အခုလို ပြောပြထားပါတယ်။ 'ကျွန်တော် တို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှာ ပုံမှန်ကြားရက်ဆိုရင် လူဦးရေ ၄၀၀ကျော်လောက် လာရောက်လည်ပတ်ကြပြီး ဥပုသ်ရက်နဲ့အစိုးရရုံးပိတ်ရက်တွေဆိုရင် လူဦးရေ ၂၀၀၀ကျော်လောက်အထိ လာကြပါတယ်။ ယခုရက်ပိုင်းမှာဆိုရင် သီတင်းကျွတ်လပြည့်နေ့လည်းဖြစ်တယ်၊ အစိုးရရုံးပိတ်ရက်လည်းဖြစ်တယ်၊ မန္တလေးတက္ကသိုလ်ကြီး နှစ်(၁၀၀)ပြည့် အခမ်းအနားကြီးလည်းရှိတဲ့အတွက်ကြောင့် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာကြသူများ ၁၀၀၀၀ကျော် အထိရှိပါတယ်။ ကျွန်တော်တို့ တိရိစ္ဆာန်ဥယျာဉ် (ရတနာပုံ)ကို နံနက်၇နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်ပေးထားပါတယ်။ ဝင်ကြေးအနေနဲ့ လူကြီးတစ်ဦးကို ငွေကျပ်၃၀၀၀၊ ကလေးတစ်ဦးကို ငွေကျပ်၂၀၀၀၊ နိုင်ငံခြားသားတစ်ဦးကို ငွေကျပ် ၁၀၀၀၀၊ နိုင်ငံခြားသားကလေးတစ်ဦးကို ငွေကျပ်၇၀၀၀ နှုန်း သတ်မှတ်ထားပါတယ်။ ဘာဂီနှင့် စက်ဘီးများကိုလည်း စီစဉ်ပေးထားပါတယ်။ ဥယျာဉ်အတွင်း လာရောက်လည်ပတ်သူများ အနေနဲ့ အေးချမ်းမှုရရှိစေရန် အရိပ်အာဝါသရရှိတဲ့ အပင်ကြီးများကိုလည်း စိုက်ပျိုးထားရှိပြီး မျက်စိပသာဒရရှိစေရန် ပန်းအလှပင်များကိုလည်း စိုက်ပျိုးထားရှိပါတယ်။ လာရောက်လည်ပတ်သူများ အနားယူအပန်းဖြေနိုင်ရန်အတွက် နားနေဆောင်များကိုလည်း တည်ဆောက်ပေးထားပါတယ်။ ကျယ်ဝန်းတဲ့ မြက်ခင်းပြင် မြေကွက်လပ်များလည်းရှိတာကြောင့် ဂိမ်းကစားခြင်းများ၊ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ခြင်း များကြောင့် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)ကို လာရောက်လည် ပတ်ကြဖို့ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျာ'ဟု ပြောကြားသည်။

မန္တလေးမြို့မှာ အပန်းဖြေနေရာများဖြစ်တဲ့ ရတနာပုံဥယျာဉ်၊ မြို့တော်ဥယျာဉ်၊ တောင်သမန် ဦးပိန်တံတား၊ မနော်ရမ္မကလေးကစားကွင်း၊ Ocean Center Public Area များတွင် လာရောက်လည်ပတ်အပန်းဖြေကြသူများနှင့်စည်ကားလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးများ ရွေးချယ်ခြင်းနှင့် စပါးမျိုးသစ်မိတ်ဆက်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးများ ရွေးချယ်ခြင်းနှင့် စပါးမျိုးသစ် မိတ်ဆက်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အပင်ဇီဝနည်းပညာဗဟိုဌာန သုတေသနစိုက်ကွင်း၌ ကျင်းပသည်။

မိတ်ဆက်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မျိုးဆက် သက်တမ်းကာလတစ်ခုတွင် အရည်အသွေး ကျဆင်းလာနိုင်သော စပါးသီးနှံ၏ သဘောသဘာဝအရ သုတေသီများ၊ ပညာရှင်များက အရည်အသွေးကောင်း စပါးမျိုးများ မျိုးကူးစပ်မှုများ ထုတ်လုပ်ပေးပြီး မျိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ခေတ်မီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကို တောင်သူ့လက်ဝယ်သို့ အလျင်အမြန်ရောက်ရှိနိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းနှင့်အတူ ICT နည်းပညာ အသုံးပြုပြီး လူမှုမီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ အရည်အသွေးကောင်း မျိုးစေ့ထုတ်လုပ်နိုင်ရေး၊ သွင်းအားစုများ အရည်အသွေးပြည့်မီစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများဖြင့် စီမံကြီးကြပ်ခြင်း ၊ ဇီဝနည်းပညာ အသုံးပြုပြီး မူလမြန်မာစပါးမျိုးရင်းများအား အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုမိတ်ဆက်ပေးမည့် စပါးမျိုးများ၏ ဇီဝသွင်ပြင်၊ အထွက်၊ ရင့်မှည့်ချိန်၊ ဆန်အရည်အသွေး စသည်တို့ကို တောင်သူလယ်သမားများကိုယ်တိုင် လက်တွေ့စိစစ်သုံးသပ်ကာ မဲပေးရွေးချယ်ခြင်းဖြင့် တောင်သူများပူးပေါင်းပါဝင်သော စပါးမျိုးရွေးချယ်ခြင်းကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တောင်သူများ ပူးပေါင်းပါဝင်သော စပါးမျိုးများ ရွေးချယ်ခြင်းနှင့် စပါးမျိုးသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသော တောင်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သုတေသနစိုက်ကွင်းအတွင်း စိုက်ပျိုးပြသထားသော စပါးခင်းများ၊ "ဇီဝနည်းပညာအသုံးပြုပြီး စပါးမျိုးများ အဆင့်မြှင့်တင်ခြင်း"ပြခန်းများကို ကြည့်ရှုကာ အပင်ဇီဝနည်းပညာဗဟိုဌာန Biosafety Level-2 ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တောင်သူများက တောင်ပျံစပါး (ရာသီစပါး) မျိုးကို ရာသီမရွေးစိုက်နိုင်ရန် မျိုးပြုပြင်ထားသည့် သက်တမ်းတောင်ပျံစပါးမျိုးနှင့် ဓာတ်တိုးဆန့်ကျင်သည့် သတ္တိရှိပြီး ကိုလက်စထရော ပါဝင်မှုနည်းပါးသော အရောင်ပါစပါးမျိုးသစ်အား မျိုးရွေးချယ်ခြင်း၊ အပင်ဇီဝနည်းပညာဗဟိုဌာနမှ ထုတ်လုပ်ထားသည့် သက်တမ်းပေါ်ဆန်းစပါး၊ မနောသုခ-၂၊ ရောတိုး စပါးမျိုးများအား လက်တွေ့ကြည့်ရှုလေ့လာခြင်း၊ ဆန်အရည်အသွေး စစ်ဆေးရန် ထမင်းများ လက်တွေ့စားသုံးခြင်း၊ မျိုးရွေးချယ်မဲပေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## Dr.Ko Lay Health and Education Foundation မှ အတွင်းတိမ်ရောဂါ အခမဲ့ခွဲစိတ်ကုသပေးမည်

မန္တလေး အောက်တိုဘာ ၆

ငွေကြေးမတတ်နိုင်သဖြင့် အမြင်လွှာပျောက်ဆုံးရသည်ဆိုသည့်အခြေအနေကို တတ်နိုင်သမျှနည်းပါးစေရန်နှင့် ကွယ်လွန်သူ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကိုလေး၏ (မျက်စိလူနာများအပေါ် အတတ်နိုင်ဆုံး ကုသပေးလိုသည့်ဆန္ဒ)ဖြင့် ကျန်ရစ်သူသားသမီးများက ဆက်လက်ထိန်းသိမ်း လုပ်ဆောင်လိုသဖြင့် Dr.Ko Lay Health and Education Foundation ကို မန္တလေးတိုင်းဒေသကြီး မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် စက်တင်ဘာ ၃၀ရက်တွင် ဖွဲ့စည်းခဲ့သည်။

နိုဝင်ဘာလဆန်းတွင် အတွင်းတိမ် မျက်စိဝေဒနာရှင် ရှစ်ဦးကို ချမ်းအေးသာစံမြို့နယ်၊ ၈၃လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ 'ကိုလေးမျက်စိဆေးခန်း' တွင် တာဝန်ယူခွဲစိတ်ကုသပေးနေသော မျက်စိအထူးကုဆရာဝန်ကြီး Foundationဥက္ကဋ္ဌ ဒေါက်တာ ဝင်းလှိုင်က ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ဂျပန်နိုင်ငံ Medical Corporation FUJITA EYE CLINIC မှ Dr.Yoshifumi FUJITA က နည်းပညာပိုင်းဆိုင်ရာများကို အကြံပြုကူညီပေးမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်သူများ၊ ပြည်တွင်း၊ ပြည်ပ၏ ကူညီမှုများ၊ စေတနာရှင်များ၏ ပူးပေါင်းလှူဒါန်းမှုများဖြင့် အခမဲ့ မျက်စိခွဲစိတ်ခြင်းများ၊ အခြေခံပညာကျောင်းများတွင် သန့်ရှင်းသော သန့်စင်ခန်းများ ဆောက်လုပ်လှူဒါန်းခြင်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ အတွင်းတိမ်ရောဂါအခမဲ့ ခွဲစိတ်ကုသမှုခံယူလိုသူများအနေဖြင့် ဖုန်း ၀၉-၇၈၁၆၂၂၉၃၆ နှင့် ၀၂-၄၀၆၄၀၆၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)



✡ စာမျက်နှာ ၂၄ မှ

လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် မြန်မာ(ISPE) အသင်းက ဗီယက်နမ် (Hanoi Xide FC)အသင်းကို ၁၁ ဂိုး၊ ဂိုးမရှိ ဖြင့်လည်းကောင်း၊ မြန်မာ (ISPE) အသင်းသည် ပွဲစဉ်တစ်လျှောက်ပြိုင်ပွဲဝင်အသင်းများကို အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

မြန်မာ(ISPE)အသင်း၏ ပြိုင်ပွဲဝင် ပြိုင်ဘက်အသင်းများဖြစ်သည့် တရုတ်(ဟူလန်း)အသင်း၊ တရုတ်(ကွေ့ကျိုး)အသင်း၊ တရုတ်(လုံနိုင်)အသင်း၊ တရုတ်(အား/ပညာ)အသင်းနှင့် ဗီယက်နမ် (Hanoi Xide FC) အသင်း စုစုပေါင်း အသင်း (၅)သင်း၊ မြန်မာအသင်း အပါအဝင် ပြိုင်ပွဲဝင်အသင်း စုစုပေါင်း အသင်း(၆)သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ မြန်မာ (ISPE) အမျိုးသားဘောလုံးအသင်းအနေဖြင့် ၄ ပွဲနိုင်၊ ၁ ပွဲသရေ၊ ပွဲစဉ်တစ်လျှောက် စုစုပေါင်းရမှတ် (၁၃) မှတ်ဖြင့် ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး ဗီယက်နမ်(Hanoi Xide FC)ဘောလုံးအသင်းက စုစုပေါင်း ရမှတ်(၉)မှတ်ဖြင့် ဒုတိယဆုကို ရရှိခဲ့ကြောင်း သိရသည်။

(NGB)

ပန်းမန်သစ်ပင် လေသန့်စင်၍၊ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၈၂ ရက်
သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများ စည်ကားနေမှုကို ဤသို့တွေ့ရသည်။

◌ ရွှေဖုံးမှ

နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လက်လုပ်တောင်၊ ရွှေနန်းသွင်းစေတီတော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မစေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနိယ (၄)ဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုး၊ ဘုန်းကြီးကျောင်းများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဆွမ်းအင်ဝန်ကြီးဌာနက ကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋီတိုက်များ၊ သဒ္ဓါမ်ိပတိခေါင်းလောင်းတော်၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ အဂ္ဂမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များအပါအဝင် အခြားသာသနိက အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်းစသည့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားခဲ့သည်။

ထို့ပြင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ အများပြည်သူ အပန်းဖြေအနားယူရာနေရာများတွင် ပြည်သူများသည် လွတ်လပ်ပျော်ရွှင်စွာ အနားယူအပန်းဖြေလျက်ရှိကြသည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် သီတင်းကျွတ်တေးဂီတဖျော်ဖြေပွဲနှင့် ညဈေးရောင်းပွဲတော်အတွင်း မြန်မာ့ရိုးရာအစားအစာများနှင့် အခြား စားသောက်ဖွယ်ရာများရောင်းချလျက်ရှိသည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော်တေးသံရှင်များက DJ၊ Music Band များနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ပြည်သူအများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြပြီး လာရောက်ကြည့်ရှုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။



မင်းကျော်စွာ၊ ဓာတ်ပုံ-ပြည့်စုံအောင်

# ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက်

(၆-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၈-၉-၂၀၂၅) ရက်နေ့ ည (၈:၀၀)နာရီမှ (၅-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင် ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်း အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

နေပြည်တော် အောက်တိုဘာ ၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၈-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခိုင်လုံသော အကြောင်းအရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# သီတင်းကျွတ်ကာလပိတ်ရက်အတွင်း DEMU အထူးရထားများ တိုးချဲ့ပြေးဆွဲ

## ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားနှစ်စင်း နေ့စဉ်ပြေးဆွဲပေးမည်

နေပြည်တော် အောက်တိုဘာ ၆

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်- ရန်ကုန်ခရီးစဉ်အတွက် အထူးရထားများအား အောက်ပါအတိုင်းပြေးဆွဲပေးလျက်ရှိပါသည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၆-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | ၆-၁၀-၂၀၂၅ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၃ | ၆-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | ၆-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၅ | ၇-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၆ | ၇-၁၀-၂၀၂၅ | အဆန်အထူး(၁) | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၇ | ၇-၁၀-၂၀၂၅ | အဆန်အထူး(၂) | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၈ | ၇-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၉ | ၇-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၁၀ | ၈-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၁၁ | ၈-၁၀-၂၀၂၅ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၁၂ | ၈-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၁၃ | ၈-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ DEMU တွဲဆိုင်းများဖြင့် ရန်ကုန်-နေပြည်တော် အမှတ်(၇) အဆန်၊ နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် ရထားများဖြင့်ပြေးဆွဲပေးလျက်ရှိရာ ခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြားလာသည့်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ အမှတ်(၃၁)အဆန် /အမှတ်(၃၂)အစုန်ရထားများအား အောက်ပါအချိန်များအတိုင်း အောက်တိုဘာ ၉ ရက်မှ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၁:၃၀ |
| ၃ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

လမ်းခရီးတစ်လျှောက်ယခင်အတိုင်း တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူနှင့် ပျဉ်းမနားဘူတာတို့တွင် ရပ်တန့်ပေးသွားမှာဖြစ်ပြီး သုံးမိနစ်ခန့်ရပ်တန့်ပေးသွားမည်ဖြစ်ပါသည်။

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင်လည်း ဝယ်ယူနိုင်ကြောင်း၊ ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် ငါးရက်ကြိုတင်၍ တယ်လီဖုန်းအမှတ်၊ ၀၉၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉၈၈၀၉၄၂၆၀၁(ပျဉ်းမနား)၊ ၀၉၈၈၀၉၄၂၆၀၈(ရန်ကုန်)တို့ဖြင့် ကြိုတင်Booking ပြုလုပ်၍ MMQR Code ဖြင့်အသုံးပြုကာ ငွေပေးချေခြင်း၊တန်းစီခရီးသည်များလက်မှတ်ဝယ်ယူရာတွင် လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့မီးရထား

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်ဖွင့်ပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်အခမ်းအနားကျင်းပ

မုံရွာ အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ ပြည်သူ့ဥယျာဉ် မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌတို့နှင့်အတူ ပြည်သူ့ဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသည့် အမှတ်(၂)စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာ/ပန်းဖွားအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆင်အကဖျော်ဖြေနေမှုကို ကြည့်ရှုပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကို တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များနှင့် ဆန်/ဆီ ကုန်သည်ကြီးများအသင်းများမှ စတုဒိသာ မဏ္ဍပ်များဖြင့် စားသောက်ဖွယ်ရာများ တပျော်တပါး ကျွေးမွေးဧည့်ခံနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ညပိုင်းတွင် အဆိုပါဥယျာဉ်အနီးရှိ အောင်ဆုပန်စေတီတော်ကြီးရင်ပြင်၌ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ဆီးမီး ၂၅၀၀ ထွန်းညှိပူဇော်ခြင်းနှင့် ပြည်သူ့ဥယျာဉ် ရင်ပြင်အတွင်း မီးပုံးပျံအလုံး ၁၀၀၀ လွှတ်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၉၄)

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး (၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်တို့ ဦးဆောင်၍ ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ ကျင်းပရန်ပြင်ဆင်နေမှု၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေး စသည့် ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံ၊ ဥရောပ-



အာရှ စီးပွားရေးသမဂ္ဂ၊ ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၊ BRICS အဖွဲ့တို့နှင့်ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများနှင့် ယင်းအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ ခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘယ်လာရုစ် တေးဂီတအဖွဲ့၏ ဒုတိယမြောက် တေးဂီတဖျော်ဖြေပွဲကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ

မန္တလေး အောက်တိုဘာ ၆

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ် တေးဂီတအဖွဲ့၏ ဒုတိယမြောက် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းက ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



## ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေပွဲသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်ချုပ် စိုးမြတ်ထွဋ်၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy နှင့် တာဝန်ရှိသူများ၊ နယ်မြေခံ တပ်နယ်မှ အဆင့်မြင့် အရာရှိကြီးများ၊ အရာရှိ၊ အရာခံ အကြပ်စစ်သည်များနှင့် မိသားစုများ၊ သင်တန်းသား ဗိုလ်လောင်းများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy က မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva တို့က ရုရှားနှင့်ဘယ်လာရုစ်တို့၏ ရိုးရာ မေတ္တာအကြောင်းဖွဲ့ဆိုထားသည့် တေးသီချင်း၊ ဘယ်လာရုစ်နှင့် မြန်မာ (၂၅)နှစ်ပြည့် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရေးဖွဲ့ထားသည့် တေးသီချင်း၊ မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန် အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်း၊ သမိုင်းဝင် ပုဂံမြို့ အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်းများ၊ ဘယ်လာရုစ် ရိုးရာ တေးသီချင်းများ၊ ကာလပေါ် တေးသီချင်းများ အပါအဝင် စုစုပေါင်း ၁၇ ပုဒ် သီဆိုဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲ ပြီးဆုံးပြီးနောက် နယ်မြေခံ တပ်နယ်မှူးနှင့်ဇနီးတို့က ဘယ်လာရုစ် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ ဘယ်လာရုစ်တေးဂီတအဖွဲ့သည် ယမန်နေ့ညနေပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များနှင့် ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် ပူးပေါင်း တေးဂီတဖျော်ဖြေပွဲကို ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ ဘယ်လာရုစ်တေးဂီတအဖွဲ့သည် မြန်မာနိုင်ငံတွင် ရောက်ရှိစဉ် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင်လည်း မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ အဆိုအကများပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံတို့သည် အစိုးရချင်း ချစ်ခင်ရင်းနှီးမှု တည်ဆောက်ခြင်းအပြင် နှစ်နိုင်ငံ ပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်မာစေရန်အတွက် ယခုကဲ့သို့ ယဉ်ကျေးမှုအနုပညာ ပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ခြင်း အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေး အသင်းတို့က ပူးပေါင်းစီစဉ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများ အားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်
# ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၆

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်း မှုကိုလိုလားသည့် ဒေသခံပြည်သူ များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရ အုပ်ချုပ်မှုယန္တရားများ ပြန်လည် လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ် သည့် ထူထောင်ရေးလုပ်ငန်းများ ကို ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ ဝင်များက ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ပူးပေါင်း၍ ကျောက်မဲမြို့တွင် ကျောင်းနေ အရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ အမြန် ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဒေသခံပြည်သူများ အန္တရာယ် ကင်းရှင်းစွာနှင့် စိတ်အေးချမ်း သာစွာ သွားလာနေထိုင်နိုင်ရန် အတွက် TNLA အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ က အများပြည်သူ သွားလာအသုံး ပြုလျက်ရှိသည့် နေရာများတွင် ယုတ်မာရိုင်းစိုင်းစွာ ထောင်ထား ခဲ့သည့် မြေမြှုပ်မိုင်း၊ နင်းမိုင်း၊ တိုက်မိုင်းများအား ယခုလ ၄ ရက် မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ယခုလ ၅ ရက်မှစတင်၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက် ပေးလျက်ရှိသည်။

ယင်းအပြင် ကျောက်မဲမြို့ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရန်နှင့် မြို့သန့်ရှင်း သာယာလှပရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ များ စုပေါင်း၍ ကျောက်မဲမြို့ အတွင်းရှိ အခြေခံပညာကျောင်း များ၊ ဌာနဆိုင်ရာရုံးဝင်း အတွင်း/ အပြင်နေရာများအား ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်း ခြင်း၊ ရေစီးရေလာကောင်းမွန် စေရန်အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများနှင့်အခြား လိုအပ်သည်များကို အင်တိုက် အားတိုက် ပူးပေါင်းဆောင်ရွက် ပေးကြသည်။



ကျန်းမာရေးဝန်ကြီးဌာန နှင့် တပ်မတော်မှ ဆရာဝန် များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီ ဆေးရုံဖွင့်လှစ်ပြီး ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက် ပေးစဉ်။

ထို့အပြင် စေတနာရှင်၊ အလှူရှင် များက ကျောက်မဲမြို့ရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အမှတ်(၁) ရပ်ကွက်ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ဒံပေါက်၊ အအေးနှင့် ရေသန့်ဘူးများ ပေးအပ် လှူဒါန်းကြသည်။

ထို့အတူ ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ က နယ်မြေလုံခြုံရေးနှင့် နယ်မြေ စိုးမိုးရေးတာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ရှိ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေး ချမ်းသာစွာ သွားလာနေထိုင်နိုင်ရန် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောက်မဲမြို့ အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးဝင်း အတွင်း/အပြင်နေရာများအား စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။



စေတနာရှင်၊ အလှူရှင်များက ကျောက်မဲမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အမှတ်(၁) ရပ်ကွက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဒံပေါက်၊ အအေးနှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းစဉ်။

နေရောင်
အောက်က
သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့

## ပြင်ဦးလွင်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ်



ပြင်ဦးလွင် အောက်တိုဘာ ၆

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့တွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ် ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဦးစွာ ပြင်ဦးလွင်မြို့နယ်စီမံကိန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်လွင်က နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ချေးငွေ ပေးအပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြင်ဦးလွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်စိုးဦး က စိုက်ပျိုးကဏ္ဍ ချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် စီမံကိန်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ချေးငွေများကို တောင်သူများ လက်ဝယ်သို့ပေးအပ်ခဲ့ပြီး အဆိုပါ ချေးငွေဖြင့် စပါး၊ ဂျုံနှင့် မက်မန်း သီးနှံတို့အတွက် ပြင်ဦးလွင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာ ၃၁ ရွာ၊ တောင်သူ ၆၈၄ ဦး၏ စိုက်ဧက ၃၂၁၀ အတွက် ချေးငွေကျပ် ၆၄၂ သန်း ထုတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မီးဘေးသတိရှိစေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယမန်နေ့ညနေ ၄ နာရီက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး၊ မီးဘေးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ပြည်သူများအနေဖြင့် နေအိမ်များတွင် မီးသတိပြုရန် မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများကို အဆင်သင့် ထားရှိရန်၊ လျှပ်စစ်မီးအသုံးပြုရာတွင်လည်း မီးဘေးလုံခြုံရေးအတွက် အလေးထားလိုက်နာဆောင်ရွက်ကြရန်မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ ဆောင်ရွက်ကြရန်၊ မြို့ပေါ်ရပ်ကွက်နှင့် လမ်းဆုံများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ မီးဘေးအန္တရာယ် မီးသတိပေးဆော်သြခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁ ရက်တွင် ဘားအံမြို့၊ ဘုရားကုန်းကျေးရွာရှိ ဂိုထောင်နှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Corolla Station Wagon တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ရပ်စောက်-ရွှေညောင်လမ်းအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Alphard တစ်စီး၊ Nissan Elegrand တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဆီဘောက်ဆာယာဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၌ အောက်တိုဘာ ၃ ရက်က ဆီဘောက်ဆာယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ရမည်းသင်းမြို့နယ်၊ရန်ကုန်-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် မိုင် ၂၆၀ ၊ ၅ဖာလုံနှင့် ၆ ဖာလုံကြားရှိ သဲကွဲကျေးရွာ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စစ်ကိုင်းမြို့၊ အိုးဘိုရပ်ကွက်နေ ငွေဌေး(၄၅)နှစ်ဆိုသူ မောင်းနှင်သော Hino ဆီဘောက်ဆာ ၁၀ဘီး ယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းမကြီးအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ၎င်း၏ အရှေ့မှလာရာတူ ပုဗ္ဗသီရိမြို့နယ်၊ကျည်တောင်ကန်ကျေးရွာနေသူများဖြစ်ကြသည့် ဦးမြင့်သိန်း(၆၀)နှစ်ဆိုသူ မောင်းနှင်ပြီး မခင်မိုးဦး(၃၇)နှစ် လိုက်ပါလာသည့် Kenbo 110 ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် မခင်မိုးဦး ဆိုသူမှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဦးမြင့်သိန်း ဆိုသူတွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ငွေဌေးဆိုသူအား ရမည်းသင်း မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*



## လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**ပခုက္ကူ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဧရာဝတီတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ညောင်ဦးမြို့မှ ပခုက္ကူမြို့ဘက်သို့ ပခုက္ကူမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်နေ မျိုးကျော်(၃၈)နှစ်ဆိုသူ မောင်းနှင်လာသော HIJET အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မျိုးကျော်ဆိုသူအား ပခုက္ကူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က ပင်လောင်းမြို့နယ်၊ လိန်းလီကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မီးယု ဆိုသူ မောင်းနှင်ပြီး မလောက်စင်း ဆိုသူ လိုက်ပါလာသည့် TOYOTA LANDCRUISER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၉၄၀၀၀၊ ဘိန်းစိမ်းအလေးချိန် ၁၇ ဒသမ ၆ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မီးယု(၃၇)နှစ်နှင့် မလောက်စင်း(၃၁)နှစ်ဆိုသူတို့အား ဖိုကုန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် လမ်းလျှောက်လာသူ ဟိန်းထက်စိုးစံ(ခ)ကိုးထပ် ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဟိန်းထက်စိုးစံ(ခ)ကိုးထပ်(၃၅)နှစ် ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး မီးထွန်းပွဲတော်များကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၆**

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက် အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ညပိုင်းတွင် ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်၍ မီးထွန်းပွဲတော် အစီအစဉ်များ ကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိသည်။

မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများသည် သီတင်းကျွတ်လပြည့်နေ့တွင်၊ ဒေသ၏ကောင်းမှုကုသိုလ်ပြုလုပ်ကြသည့်ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတို့တွင်လည်း ကုသိုလ်ပြုကြသူများ၊ ဘုရားစေတီများ၏အေးချမ်းသည့်အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများအားထုတ်ကြသူများ ကို တွေ့မြင်ရသည်။

ထို့ပြင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ဆွမ်းဆန်တော်လောင်းလှူပူဇော်ခြင်း၊ ဓမ္မစကြာရွတ်ဆိုခြင်း၊ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးများအား ကန်တော့ခြင်း စသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပြီး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းကြစေကြောင်း ဆုမွန်ကောင်းများ တောင်း၍ မေတ္တာပို့သကြသည်။

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ ဘုရားသုံးဆူ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကိုလည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးတို့က ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင် ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အလားတူ မန္တလေးမြို့အတွင်းရှိ အထင်ကရ ဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား လိုက်လံ ဂါရဝပြုကန်တော့ခြင်းများ၊ စတုဒိသာအကျွေးအမွေးများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆+၉)










# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဂွါဒီယိုလာ မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်

**လန်ဒန် အောက်တိုဘာ ၆**

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ဖာဂူဆန်၊ အာဆင်ဝင်းဂါးပြီးနောက် ပရီးမီးယားလိဂ်ပွဲ ၂၅၀ နိုင်ပွဲရရှိသည့် ပထမဆုံး နည်းပြအဖြစ် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက ဘရန့်ဖို့ဒ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ပရီးမီးယားလိဂ်ပွဲပေါင်း ၃၄၉ပွဲကိုင်တွယ်ကာ နိုင်ပွဲ ၂၅၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။




နည်းပြ ဂွါဒီယိုလာက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## 2025 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား Amanda Anisimova ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၆**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန် တင်းနစ်မယ် Amanda Anisimova က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန် တင်းနစ်မယ် Amanda Anisimova သည် 2025 China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ချက် တင်းနစ်မယ် Linda Noskova အား ၆-၀၊ ၂-၆၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Amanda Anisimova က "ကျွန်မ အခုလို 2025 China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (အောက်ပုံ) (NGB)



## အဒီယီမီကို ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား

**ဘာစီလိုနာ အောက်တိုဘာ ၆**

ဘာစီလိုနာအသင်းသည် ဒေါ့မွန်အသင်းတိုက်စစ်မှူး အဒီယီမီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်း ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းကလည်း အဒီယီမီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဒေါ့မွန်အသင်းထံမှ အဒီယီမီကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (အောက်ပုံ) (NGB)



## ဘာပေ ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် အောက်တိုဘာ ၆**

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘာပေသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းက ဗီလာရီးရဲလ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် စပိန်လာလီဂါပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ ပွဲကစားပြီး ၅၈ ဂိုး အထိ သွင်းယူထားသည်။ (အောက်ပုံ) (NGB)




## နည်းပြ ပိုစတီကိုဂလူးအား နော်တင်ဟမ်ဖောရက်စ်အသင်း နည်းပြ ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၆**

နည်းပြ ပိုစတီကိုဂလူးသည် နော်တင်ဟမ်ဖောရက်စ်အသင်း၏ နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိနေသည်။

နော်တင်ဟမ်ဖောရက်စ်အသင်းကလည်း လက်ရှိအချိန် ပရီးမီးယားလိဂ် ပွဲစဉ် (၇)ပွဲကစားအပြီးတွင် ရမှတ် ၅မှတ်ဖြင့် အဆင့် ၁၇နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ပိုစတီကိုဂလူးအား နည်းပြအဖြစ်မှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူးသည် နော်တင်ဟမ်ဖောရက်စ်အသင်းကို ၂၀၂၅ခုနှစ် စက်တင်ဘာ ၉ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ခုနစ်ပွဲတွင် နှစ်ပွဲသရေ၊ ငါးပွဲရှုံးဖြင့် ရလဒ်ဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ (အောက်ပုံ)

ထို့ကြောင့် နည်းပြ ပိုစတီကိုဂလူးအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နော်တင်ဟမ်ဖောရက်စ်အသင်း နည်းပြရာထူးမှထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)



## ဆာဂျီယိုရီဂွီလွန်ကို ခေါ်ယူရန် အင်တာမိုင်ယာမီအသင်း စီစဉ်

**လန်ဒန် အောက်တိုဘာ ၆**

အင်တာမိုင်ယာမီအသင်းသည် စပါးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော နောက်ခံကစားသမား ဆာဂျီယိုရီဂွီလွန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ အက်သလက်တီကိုမက်ဒရစ်၊ မန်ယူ၊ ဘရန့်ဖို့ဒ်၊ ရီးရဲလ်မက်ဒရစ်စသည့် ကလပ် အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဆာဂျီယိုရီဂွီလွန်ကလည်း အင်တာမိုင်ယာမီအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် အင်တာမိုင်ယာမီအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော နောက်ခံကစားသမား ဆာဂျီယိုရီဂွီလွန်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (ဝဲပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* စီးရီးအေပွဲစဉ်အဖြစ် နာပိုလီအသင်းသည် ဂျီနိုအာအသင်းအား နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့သည်။
* မန်ယူအသင်းသည် အေဗီလာအသင်း ဂိုးသမား မာတီနက်ဇ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
* ပီအက်စ်ဂျီအသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ကိုင်စီဒိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ (NGB)

## အော်ဒီဂတ်သည် ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၆**

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အော်ဒီဂတ်သည် ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အော်ဒီဂတ်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (ယာပုံ)

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၅ ပွဲ ကစားပြီး ၄၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)



## ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် အောက်တိုဘာ ၆**

ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆သင်း အဆင့် ရှုံးထွက်အဆင့်တွင် ချီလီအသင်းနှင့် မက္ကဆီကိုအသင်း၊ ကိုလံဘီယာအသင်းနှင့် တောင်အာဖရိကအသင်း၊ အမေရိကန်အသင်းနှင့် အီတလီအသင်း၊ မော်ရိုကိုအသင်းနှင့် တောင်ကိုရီးယားအသင်း၊ ဂျပန်အသင်းနှင့် ပြင်သစ်အသင်း၊ ပါရာဂွေးအသင်းနှင့် နော်ဝေအသင်း၊ အာဂျင်တီးနားအသင်းနှင့် နိုင်ဂျီးရီးယားအသင်း၊ ယူကရိန်းအသင်းနှင့် စပိန်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များသည် လာမည့် အောက်တိုဘာ (၈၊ ၉၊ ၁၀) ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



# ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဆီမီးထွန်းညှိပူဇော်ပွဲများနှင့် နိဗ္ဗာန်ဈေးရောင်းပွဲတော်များ ကျင်းပ





**မန္တလေး အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဗုဒ္ဓဘာသာအစဉ်အလာအရ ဘုရားရှင်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့်ထွန်းညှိပူဇော်သည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရာ ယနေ့ညနေပိုင်းက အမရပူရမြို့နယ်ရှိ ဝေဠုဝန်စနကျောက်စိမ်းစေတီတော်မြတ်ကြီးတွင်(ဒသမ)အကြိမ်မြောက် ဆီမီး(၉၀၀၀) ထွန်းညှိပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့်အလှူရှင်များ၊ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများက မြတ်ဗုဒ္ဓကိုကြည်ညိုစိတ်ဖြင့် ရည်မှန်း၍ အတူတကွ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်တွင်ကျင်းပသည့် မန္တလေး တက္ကသိုလ်ရာပြည့်သဘင်အထိမ်းအမှတ် "ဂီတဆည်းဆာ "ပဒေသာကပွဲ ဖျော်ဖြေပွဲဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိပြီး မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်၍ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက ဂီတဆည်းဆာ ပဒေသာကပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြသူများကို အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာသီတာဝင်းက ကြိုဆိုနှုတ်ခွန်း ဆက်စကားကို ပြောကြားပြီးနောက် တက္ကသိုလ်များမှကျောင်းသား၊ ကျောင်းသူဟောင်းကြီးများနှင့် မျိုးဆက်သစ်၊ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ အဆို၊ အက၊ တေးဂီတတို့ဖြင့် ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့အတွင်း ကျင်းပသည့် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးရောင်းပွဲတော်အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အဖွဲ့က မန္တလေးနန်းမြို့ မြနန်းစံကျော် ရွှေနန်းတော်ပတ်လည်တွင် ဆီမီးအလှနှင့် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ထားရှိမှု၊ မန္တလေးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့ အသီးသီးမှ စတုဒိသာမဏ္ဍပ်များတွင် စတုဒိသာများဖြင့် ဧည့်ခံနေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတများဖြင့် အနုပညာရှင်များ သီဆိုဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသည့် ကာလဒါနအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်





**မန္တလေး အောက်တိုဘာ ၆**

မတ် ၂၈ ရက် မွန်းလွဲပိုင်းက အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုဖြစ်စဉ်ကြောင့် တိုင်းဒေသကြီးအတွင်း အဆောက်အအုံများ ထိခိုက် ပြိုကျပျက်စီးခြင်း၊ အဆောက်အအုံများအတွင်း ပိတ်မိ၍ ထိခိုက်သေဆုံးခဲ့သူများ စွာရှိခဲ့ပြီး ပျံလွန်တော်မူသွားခဲ့ကြသော ဆရာတော်၊ သံဃာတော်၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သေဆုံးကွယ်လွန်သွားကြသူများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေကာ ကာလဒါနအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ၊ ပြင်ဦးလွင်မြို့ ၃၂ မိုင်ရှိ ဝိပဿီဓမ္မရိပ်သာ၊ မန္တလေးမြို့ စကုတိုက်အောင်မင်္ဂလာပရိယတ္တိ ၆ ထပ်ကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒနှင့် ဆရာတော်၊ သံဃာတော် (၁၃၁)ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဦးကျော်ကျော်ဦးနှင့် ဒေါ်နန်းမိုခမ်းမိသားစု၊ အလှူရှင်များ၊ ဝတ်အသင်းများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ၊ အမျှအတမ်းပေးဝေကာ အနုမောဒနာတရားများကို နာယူကြည်ညိုကြပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်(၁၃၁)ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ 



တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်မိသားစုများနှင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းကြသည့် အလှူရှင်များ၊ တာဝန်ရှိသူများက နေ့ဆွမ်းများ၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်းနှင့် ယနေ့ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော် (၁၃၁)ပါး အတွက် နဝကမ္မဝတ္ထုငွေကျပ် (၁၄၄၁)သိန်း၊ ဆွမ်းသပိတ်နှင့် ဆွမ်း လှူဒါန်းမှု (၂၆၂) သိန်း အပါအဝင် လှူဒါန်းမှုမှာ စုစုပေါင်း (၁၉၁၃)သိန်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## နဂါးကိုးကောင်ဆရာတော် မွေးနေ့မင်္ဂလာ ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှသစ္စာအဓိဋ္ဌာန်အောင်၊ ဆုတောင်းပြည့် မြတ်ဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ပဓာန နာယကတိုက်အုပ် နဂါးကိုးကောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ၏ (၅၉)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ၏ မွေးနေ့ပွဲတွင် ပင့်သံဃာများနှင့်တကွ ကျောင်းတိုက်အတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများနှင့် ဧည့်သည်တော်များအား အရုဏ်ဆွမ်း မုန့်ဟင်းခါးများဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းခဲ့သည်။ အောင်ပင်လယ်ရှိ ကျောင်းတိုက်အသီးသီးတွင်လည်း နဝကမ္မ



အလှူငွေများနှင့်တကွ ဆွမ်းချိုင့်များ ပေးပို့လှူဒါန်းခဲ့ပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်များအား ထမင်းဘူးများ ဝေငှလှူဒါန်းခဲ့သည်။

နံနက် ၉ နာရီတွင် ငွေကျပ်သိန်း ၁၀၀ မ,တည်အလှူရှင် ဦးကျော်လင်း+သုဓမ္မသီဂီ ဒေါ်ဖြူဖြူမိသားစု၊ ငွေကျပ် သိန်း ၅၀ မ,တည်အလှူရှင် ရွှေပြည်သာ ကျောက်မျက်ကုမ္ပဏီမှ ကိုဇာနည်ဦး+မဖြူဖြူသွယ် မိသားစု၊ ငွေကျပ် သိန်း ၂၀ မ,တည်အလှူရှင် ကိုဇင်ဖြိုးဦး+မယုယုငြိမ်းနှင့် ငွေကျပ်သိန်း ၂၀ မ,တည်အလှူရှင် ကျောင်းအမကြီး ဒေါ်ခင်သီတာထွန်း(ဥက္ကဋ္ဌ) တိုင်းအသင်းစုချုပ် ညီမ မနုနုလှ တို့နှင့်တကွ အလှူ့ဒါယကာ၊ ဒါယိကာမများအား ရေစက်ချအနုမောဒနာတရားများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကြွရောက်လာသော ဧည့်ပရိသတ်များအား ထမင်း၊ ဟင်းများ၊ အချိုပွဲများ၊ ရေခဲမုန့်များဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းခဲ့သည်။

စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ရဟန်း၊ သံဃာတော် ၅၆ ပါး၊ သီလရှင် ဆရာကြီး၊ ဆရာလေး ၃၄ ပါး သီတင်းသုံးတော်မူလျက်ရှိရာ ပစ္စည်းလေးပါး အထောက်အပံ့အတွက်ဖြစ်စေ၊ ပညာသင်ကြားလျက်ရှိကြသော သူငယ်တန်းမှ အဋ္ဌမတန်းရှိ ကျောင်းသား၊ ကျောင်းသူ ၇၀၀ ခန့်နှင့် ဆရာ၊ ဆရာမ ၃၀ ဦးတို့အတွက် ပညာရေးအထောက်အပံ့အတွက်ဖြစ်စေ ဆက်သွယ်လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း ၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၇၈၇၁၂၅၈၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် အမရပူရမြို့ရှိ ဦးပိန်တံတားတွင် လာရောက်လည်ပတ်သူများနှင့် စည်ကားလျက်ရှိ

**အမရပူရ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့၊ ဆင်စွယ်ပွတ်ရပ်ကွက်ရှိသမိုင်းဝင် ဦးပိန်တံတားတွင် ယနေ့ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော မိဘပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါအနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော ဧည့်သည်တော်များ ဘေးကင်းလုံခြုံစေရေးအတွက် ဆင်စွယ်ပွတ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေ ဦးစီးသော အုပ်ချုပ်ရေးအဖွဲ့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သမိုင်းဝင်ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူ စစ်ကိုင်းမြို့မှ ဦးမျိုးဝင်းက "ကျွန်တော်ဒီတံတားကို ဥပုသ်နေ့တိုင်း လိုလိုရောက်ဖြစ်တယ်။ ဒီလောက်စည်ကားလာလိမ့်မယ်မထင်ထားဘူး၊ တော်တော်ကြီးကို စည်ကားပါတယ်ဗျာ၊ ဒီတံတားမှမဟုတ် မန္တလေးတန်ခိုးကြီးဘုရားတွေမှာလည်း တိုးမပေါက်ပါဘူးဗျာ" ဟု ပြောပြသည်။ ဦးပိန်တံတား ဆိုင်ကယ်၊ကား အပ်လက်ခံဆောင်ရွက်နေသူ ဦးနိုင်ကလည်း "မနက်တည်းက ဆိုင်ကယ်ကား မနည်းကို နေရာရှာပေးနေရတာ ဒီနှစ်ပိုစည်ကားတယ်လို့ပြောလို့ရတယ်" ဟု ပြည်သူ့အသံများကို ကြားသိခဲ့ရသည်။

**စိုးသီဟ(အမရ)**

# မန္တလေးနဲ့ငလျင် ( ဥာပနာအမွေအနှစ်များ - ၁၄ )



မန္တလေးဝန်းကျင်တစ်ခို အင်အားပြင်း ငလျင်ကြီး လှုပ်ခတ်ပြီး ပြိုပျက်ခဲ့ရတဲ့ ဘုရား ပုထိုးစေတီတော်များအတွင်းက ထွက်ပေါ်လာခဲ့ တဲ့ ဥာပနာအမွေအနှစ်များဟာ နှိုက်လေနက်လေ လို့ ဆိုရမလားဘဲ ထူးခြားတဲ့ လက်ရာအသစ် ဘုရားဆင်းတုတော်များအပြင် အခြားသော ရုပ်လုံးရုပ်ကြွများကလည်း တချို့ကိုဆိုရင် ဘာရုပ်တုမှန်း စဉ်းစားလို့တောင် မရတဲ့ဟာ တွေ တွေ့ရပါတယ်။ များသောအားဖြင့် ဗုဒ္ဓဝင်နဲ့ ဆက်စပ်ပြီး စဉ်းစားလို့ရခဲ့ပေမယ့် တချို့က ဗုဒ္ဓဝင်နဲ့မဆက်စပ်ဘဲ လှူဒါန်းသူ ဒကာနဲ့ ဆက် စပ်တာမျိုးကိုလည်း တွေ့ရပြန်ပါတယ်။ ပမာ ဆောင်ရရင် အမရပူရမြို့ အောင်မြေရွှေဘုံဘုရား က ထွက်ပေါ်တဲ့ ဘိုးတော်ဗဒုံမင်း ညာလက် က သန်လျက်ကိုင်ပြီး ဘယ်လက်က စကြာ လက်နက်ကိုင်ထားတဲ့ ရုပ်လုံးငယ်မျိုးပေါ့။ အဲဒီ အကြောင်းကိုလည်း မန္တလေးနဲ့ငလျင် (ဥာပနာ အမွေအနှစ်များ-၃)မှာ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခုလည်း ထူးခြားတဲ့ကြေးသွန်း ရုပ်လုံးငယ်တစ်ခုကို ကျောက်ဆည်မြို့ ဝေဘူ တောင်ခြေမှာ တည်ထားခဲ့တဲ့ ဆည်တော်နံ့ ရွှေ မုဋ္ဌောဆုတောင်းပြည့်စေတီတော် ဥာပနာတွေ ထဲမှာ အခြားသော ပုဂံခေတ် ဆင်းတုတော် များနဲ့အတူ တွေ့လာရပါတယ်။ စေတီတော်ရဲ့ ဘွဲ့တော်နဲ့ ပတ်သက်ပြီး နည်းနည်းရှင်းပြရရင် အဲဒီစေတီတော်ကို ပုဂံခေတ်အနော်ရထာမင်း ကြီး တည်ထားခဲ့တယ်လို့ သိရပါတယ်။

အနော်ရထာမင်းကြီးလက်ထက်ကစပြီး ပုဂံပြည်သည် အင်အားကြီးအင်ပါယာအဖြစ် တည် ထောင်နိုင်ခဲ့ခြင်းသည် စစ်အင်အားတောင့် တင်းခိုင်မာမှု တစ်ခုထဲအပေါ်မှာ အခြေမပြုဘဲ စားဝတ်နေရေး အခြေခံဖြစ်တဲ့ စပါးထွက်ရာ ဒေသများဖြစ်တဲ့ မင်းဘူးလွင်ပြင်၊ စမုံလွင်ပြင်၊ ကျောက်ဆည်လွင်ပြင်တို့လို လယ်တွင်းခရိုင် များရဲ့ စိုက်ပျိုးရေးထွက်ကုန်များကလည်း စားသောက်ရေးအပြင် စီးပွားရေးအတွက်ပါ အရေးပါခဲ့ပါတယ်။ အဲဒီအခြေအနေကို သိမြင်ပြီး အမြော်အမြင်ကြီးမားလှတဲ့ အနော်ရထာမင်းကြီး က ဇော်ဂျီမြစ်နှင့် ပန်းလောင်မြစ်တို့ကို ဆည်တွေ တည်ဆောက်ပြီး အထောက်အကူ ဖြစ်စေခဲ့ပါ တယ်။ အခုခေတ်လို အားဖြည့်ကွန်ကရီ နည်း ပညာမဟုတ်ပေမယ့် ထန်းပင်၊ ထန်းသားကို အသုံးပြုပြီး မြေသားတမံနဲ့ တစ်ဖက် ဆည်ကန် အမျိုးအစားကို တည်ဆောက်ခဲ့တယ်ဆိုတာ အခုချိန်တိုင် လက်တံမြောင်းခွဲ ရေလွှဲမြောင်းများ မှာ တွေ့နိုင်ပါသေးတယ်။ တိုင်းပြည်ကြီးပွား အောင် ပြည်သူတွေ စားဝတ်နေရေးပြေလည် အောင် တစ်ဖက်ကဆည်တွေ တည်ဆောက်နေ သလို တစ်ဖက်မှာလည်း ရှင်ဓမ္မဒဿီ (ခေါ်) ရှင်အရဟံအကူအညီနဲ့ စစ်မှန်တဲ့ ထေရဝါဒဗုဒ္ဓ ဘာသာ ထွန်းကားပြန့်ပွားအောင် မင်းကြီး ကိုယ်တိုင် အားပေးထောက်ပံ့ ဆောင်ရွက်နေ ပါတယ်။ အဲ့ဒီအချက်နှစ်ခုရဲ့ ဟန်ချက်ညီပုံကို စေတီတော်ရဲ့ဘွဲ့တော်က သက်သေခံနေပါတယ်။ အနော်ရထာမင်းကြီးဟာ ဇော်ဂျီမြစ်နဲ့ ပန်းလောင် မြစ်ကို ပိတ်ဆို့ပြီး ပြောင်းပြာဆည်၊ ကျီးမဲဆည် စသည်တို့ကို တည်ဆောက်ရင်း အတူပါလာတဲ့ ရှင်အရဟံရဲ့ ဆိုဆုံးမမှုနဲ့အညီ ဆည်တွေရဲ့ ဝဲယာနံဘေးမှာသာသနာပြန့်ပွားအောင် အမှတ် တရ စေတီတော်တွေ တည်ဆောက်စေခဲ့ပါတယ်။ ဒါ့ကြောင့်မို့ တည်ဆောက်တာက မုခ်တစ်ဖက်ထွက် လိုဏ်ခံစေတီကို ရှေ့ကနေပြီး ဆည်တော်နံ့ဆိုတဲ့ အမည်လေးကို အမှတ်တရ ထည့်သွင်းလို့ သမုတ် ခဲ့ခြင်း ဖြစ်ပါတယ်။ စဉ့်ကိုင်မြို့နားလေးမှာလည်း ဆည်တော်နံ့ ဖားလင်ပိုး ဆုတောင်းပြည့်ဘုရား ဆိုတာလည်း ဒီသဘောမျိုးပါပဲ၊ ပြောချင်တဲ့ အဓိက အချက်က ဆည်တော်နံ့ဆိုတဲ့ ဘုရားဘွဲ့တော်ပါတဲ့ စေတီတော်တွေဟာ ပုဂံခေတ်အနော်ရထာမင်းကြီး တည်ထားခဲ့တယ်လို့ ဆိုလိုချင်တာပါ။ ဆက်စပ် ပြောရရင် အဲဒီလိုစေတီတော်တွေ တည်ထားကိုး ကွယ်ခဲ့တာကလည်း သာသနာပြုမထေရ် ရှင် အရဟံကြောင့်ပါ။ ဒါကြောင့်မို့ အခုတွေ့ရတဲ့ ကြေး သွန်းရုပ်လေးဟာ အဲဒီအချက်တွေနဲ့ ဆက်စပ်နေမယ် လို့ ကောက်ချက်ဆွဲလို့ ရပါတယ်။ ပုံထဲမှာ ဖော်ပြထားတဲ့ ကြေးသွန်းရုပ်လေးကို ကြည့်ပါ။ ဦးပြည်းကတုံးနဲ့ဆိုတော့ ဘုရားဆင်းတုတော် မဟုတ်ပါဘူး။ နောက်ပြီး ကြေးသွန်းရုပ်ရဲ့လည်မှာ ဆွဲထားတဲ့ စိပ်ပုတီး တစ်ကုံးပါနေတာ တွေ့ရတော့ ပိုပြီးသေချာစေပါတယ်။ သေချာလေ့လာကြည့်တော့ ကြေးသွန်းရုပ်ဟာ ဘယ်လက်က သပိတ်ပိုက်ထား ပြီး ညာလက်က ဆွမ်းဘုဉ်းပေးနေဟန် ပတ္တဟတ္ထပုံ ဖြစ်ပါတယ်။ တကယ်လို့သာ စိတ်ပုတီးမပါဘဲ သပိတ်ပိုက်ကာ ဦးခေါင်းက အပေါ်ကို ငဲ့စောင်းပြီး ကြည့် နေဟန်ဆိုရင်တော့ အားလုံးသိကြတဲ့အတိုင်း ရှင်ဥပဂုတ္တပုံတော်ဖြစ်မယ်လို့ အခိုင်အမာ ဆိုလိုက် မှာပေါ့။ အခုတော့ ဆွမ်းဘုဉ်းပေးနေဟန်မှ မျက်နှာ ကလည်း ရှေ့တည့်တည့် ကြည့်နေသလို လက်ထဲမှာ ဆွမ်းလုပ်ကလေးတောင်ပါနေပြီး လက်ကလည်း ပါးစပ်ဆီမရောက်မီ လမ်းခုလပ်မှာရှိနေတဲ့ပုံဆိုတော့ ရှင်ဥပဂုတ္တမဟုတ်တာလည်း သေချာသွားပြန်ပါ တယ်။ ဒါဆို ဘုရားရှင်လက်ထက်တော်က ထင်ရှား ခဲ့တဲ့ ရဟန္တာမထေရ်တစ်ပါးပါးရော မဖြစ်နိုင်ဘူး လားလို့ စောဒက တက်နိုင်ပါတယ်။ ဒါကိုလည်း မဖြစ်နိုင်ဘူးလို့ ဆိုရပါမယ်။

ဘုရားလက်ထက်က ထင်ရှားခဲ့တဲ့ ရဟန္တာ မထေရ်ကြီးများရဲ့အတ္ထုပ္ပတ္တိထဲမှာ အဲဒီလို ဆွမ်း ဘုဉ်းပေးခြင်းနဲ့ ဆက်စပ်နေတဲ့အကြောင်းအရာမျိုး အထင်အရှားမရှိခဲ့လို့ပါဘဲ။ ဘုရားဥာပနာတဲ့ ကြေး သွန်းရုပ်လုံးရုပ်ကြွဆိုတာ အများက ကြည့်လိုက်ရင် ထင်းကနဲသိသာစေတဲ့ အကြောင်းအရာကို အခြေခံ ပြီး ဖန်တီးလေ့ရှိတဲ့အတွက် ဘုရားလက်ထက် ရဟန္တာမထေရ်ပုံ မဖြစ်နိုင်ဘူးလို့ သုံးသပ်ရတာပါ။ ကောင်းပြီ ဒါဆိုတာလို့ ရှင်အရဟံပုံ ဖန်တီးတာလဲ။ ဘာကြောင့် ဆွမ်းဘုဉ်းပေးနေဟန် ဖန်တီးရတာလဲ ဆိုတာ စဉ်းစားကြည့်ရအောင်။ ပထမအချက်က စေတီတော်ရဲ့ဘွဲ့တော်က ဆည်တော်နံ့ ရွှေမုဋ္ဌော ဆုတောင်းပြည့်ဆိုတော့ ဆည်နဲ့ရေနဲ့ ပတ်သက် နေပါတယ်၊ ဆည်တွေ တည်ဆောက်ရခြင်းကလည်း စိုက်ပျိုးရေးအဆင်ပြေစေဖို့နဲ့ စားဝတ်နေရေး အဆင်ပြေစေဖို့ပါ။ ဒီခေတ်အထိ တချို့ဒေသတွေမှာ လယ်သမားတွေဟာ စပါးအထွက်တိုးစေဖို့ မိုးလေ ဝသမှန်စေဖို့ လယ်စိုက်တော့မယ်ဆိုရင် 'ပုန်းမကြည် နတ်' တင်လှူပသလေ့ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံ ထက် တိုးတက်ပါတယ်ဆိုတဲ့ ထိုင်းနိုင်ငံမှာတောင် နတ်ပုံတော်တစ်ခုရဲ့ ခြေထောက်အောက်မှာ နွားရုပ် လေးခံထားတာတွေ့ရပါတယ်။ ဘာကြောင့်လဲဆို တော့ လယ်ယာလုပ်ငန်းအဆင်ပြေပြီး ဆန်ရေစပါး အထွက်တိုးစေဖို့လို့ ပြောပါတယ်။ အဲဒီ နွားရုပ် ခံထားတဲ့နတ်ရုပ်ရဲ့ ဦးခေါင်းပေါ်မှာတော့ ရုပ်တော် မူမြတ်ဘုရားဆင်းတုတော်လေးကို အထွတ်တင် ထားပါတယ်။ အဲ့ဒီနတ်ရုပ်ကို တောင်သမန် ကျောက်တော်ကြီးတောင်ဘက်က ဘုန်းတော်ကြီး ကျောင်းမှာ သွားရောက်လေ့လာနိုင်ပါတယ်။ အခု လည်း အနော်ရထာမင်းက နတ်ထက်စာရင် ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကို ပိုပြီး ယုံကြည်တယ်ဆိုတာ ၃၇ မင်း နတ်သမိုင်းလေ့လာ တာနဲ့သိသာပါတယ်၊ အခုလည်း ဆန်စပါး စိုက်ပျိုး ရေးအတွက် တည်ဆောက်တဲ့ဆည်ကို အဆင်ပြေစွာ အောင်မြင်စေဖို့ စိုက်ပျိုးရေး အဆင်ပြေစေဖို့ ဆန်ရေ စပါး ပေါများစေဖို့အတွက် နတ်ရုပ်အစား သူ ယုံကြည်တဲ့ ဘုရားဆင်းတုတော်တွေနဲ့အတူ သံဃာ ပူဇာအဖြစ် ရှင်အရဟံရုပ်တုကိုလည်း ထည့်သွင်း ဥာပနာပာန်တူပါတယ်။ အဲဒီလို သံဃာရုပ်တုအဖြစ် ထုလုပ်တဲ့အခါမှာလည်း ပုံမှန်အတိုင်း ခြေလက် အနေအထား ပုံစံထက် ပိုပြီးလိုက်ဖက်တင့်အောင် ဆွမ်းဘုဉ်းပေးနေဟန်အဖြစ် ဖန်တီးခဲ့တယ်လို့ သုံးသပ်လို့ ရပါတယ်။ ဆွမ်းဘုဉ်းပေးနေတဲ့ လက် ဟန်ကလည်း ဘုဉ်းပေးနေတဲ့ဟန်က ဆွမ်းလုတ်ကို ဦးစားပေးထားဟန်ကလည်း စပါးဆန်ရေပေါများ မှုအတွက် ရည်ရွယ်နေဟန်လည်း ပိုပြီး ထင်ရှား နေပြန်ပါတယ်။ အဲဒီလို ထုလုပ်ပူဇော်ဥာပနာ ခြင်းအားဖြင့် သာသနာပြန့်ပွားရေးအတွက်လည်း အထောက်အကူဖြစ်မယ်လို့ ယုံကြည်ခဲ့ပုံရပါတယ်။ နောက်တစ်ခါ ဘာကြောင့် ရှင်အရဟံရုပ်တုမှာ စိပ် ပုတီးဆွဲထားရတာလဲဆိုတဲ့အကြောင်း ဆက်စပ် တင်ပြပါအုံးမယ်။ ရှင်အရဟံကြောင့် မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားလာခဲ့သလို မင်းနဲ့တကွ ပြည်သူအားလုံးကပါ သက်ဝင်ယုံကြည် ခဲ့ကြပါတယ်။ ယနေ့ခေတ်တိုင်အောင် စွမ်းအား ထက်မြက်တဲ့ ဂါထာတော်များအထဲမှာ ရှင်အရဟံ ဂါထာတော်လည်း အပါအဝင်ဖြစ်ပြီး ဂါထာသဘော ထက် ပုတီးစိပ်နည်းလို့ ထင်ရှားတဲ့ ရှင်အရဟံ ပုတီးစိပ်ဂါထာကို ဗဟုသုတအလို့ငှာ တင်ပြ လိုက်ပါတယ်။

**'ဗုဒ္ဓံသရဏံဂစ္ဆာမိ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာယ ဓမ္မံသရဏံဂစ္ဆာမိ နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာယ သံဃံသရဏံဂစ္ဆာမိ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာယ ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာယ အနန္တံ ဗလဝံ ဗုဒ္ဓံယ အနန္တံ ဂေါစရံ ဓမ္မံယ အနန္တံ အရိယံ သံဃံယ အနန္တံ ဗောဓိ မုတ္တမံ'**

အဲ့ဒီ ဂါထာ ထင်ရှားလာစေတဲ့ ဖြစ်စဉ်လေး ကတော့ ဒီလိုပါ။ ၁၉၇၀ ပြည့်ဝန်းကျင်လောက်က စစ်ကိုင်းတောင်ရဲ့ ထင်ရှားတဲ့ ချောင်တစ်ချောင်က ထင်ရှားတဲ့ ဆရာတော်တစ်ပါးဟာ ညနေ နေဝင်ရီးရီ အချိန်မှာ စင်္ကြံလျှောက်နေပါတယ်။ အဲ့ဒီအချိန်မှာ ပျို့ရွယ်ရွယ် မိန်းကလေးတစ်ဦး ရောက်လာပြီး ဆရာတော်ကို ဦးချလာပါတယ်။ ဆရာတော်က အချိန်နဲ့ မိန်းကလေး မသင့်တော်လို့ ဘာမှ မိန့် တော်မမူဘဲ ကျောင်းပေါ်ကို ကြွသွားလို့ မိန်းမ ရွယ်လည်း ပြန်သွားပါတယ်။ နောက်နေ့မှာလည်း အဲ့ဒီအချိန်မှာပဲ အဲ့ဒီမိန်းမရွယ် ရောက်လာပေမယ့် ဆရာတော်ကလည်း မသင့်တော်လို့ ဘာမှမမိန့်ဘဲ ကျောင်းပေါ်ကို မနေ့ကလိုဘဲ ကြွသွားပါတယ်။ တတိယမြောက်ညနေမှာလည်း မိန်းမရွယ် ပြန်လာတော့ ဆရာတော်က စဉ်းစားတယ်။ ဒီမိန်းကလေးလာနေတာ အကြောင်းတစ်ခုခု တော့ရှိရမယ် သိအောင်မေးကြည့်ဖို့ ဆုံးဖြတ်ပြီး အဲ့ဒီနေ့မှာ မိန်းကလေးကို လက်ခံစကားပြော ပါတယ်။ 'ဒကာမလေး ညနေကြီးမှာ ဆရာ တော့်ကျောင်းကို လာနေတာ သုံးရက်ရှိပြီ ဘာ ကိစ္စအထူးရှိလို့လဲ' လို့ မေးလိုက်တော့ သူမက 'ဂါထာလေးတစ်ပုဒ် လှူချင်လို့ လာနေတာပါ ဘုရား' လို့ ပြန်ဖြေသတဲ့။ ဒါနဲ့ ဆရာတော်လည်း 'သုံးရက်တိုင် ဖွဲ့ရှိရှိနဲ့လာနေတာ ဘာဂါထာ များလဲ' လို့ မေးလိုက်ပြန်ပါတယ်။ အဲ့ဒီအခါ မိန်းမရွယ်က မဖြေသေးဘဲ ဆရာတော်ကို 'တပည့်တော်မအသက် ဘယ်လောက်ရှိမယ် ထင်ပါသလဲဘုရား' လို့ ပြန်မေးလိုက်ပါတယ်။ ဆရာတော်ကလည်း 'အလွန်ရှိလှ ၃၀ ဝန်းကျင် ပေါ့' လို့ ဖြေလိုက်တော့ မိန်းမရွယ်က 'ပုဂံပြည်မှာ အနော်ရထာမင်းထံ ရှင်အရဟံ ကြွလာတဲ့နေ့ဟာ တပည့်တော်မ အိမ်ထောင်ပြုတဲ့နေ့ဖြစ်ပါတယ် ဘုရား' လို့ လျှောက်လိုက်တော့ ဆရာတော်လည်း အံ့အားသင့်သွားပြီး 'ဘယ်လို ဆေးစွမ်းတွေ ကြောင့် အခုလို အသက်ရှည်နေတာလဲ' လို့ ပြန် မေးလိုက်ပါတယ်။ မိန်းမရွယ်က 'သူတို့လင် မယားဟာ ဗုဒ္ဓဘာသာကို လွန်စွာ ယုံကြည်ပြီး ရှင်အရဟံကိုလည်း ဆွမ်းကွမ်းမပြတ် လုပ်ကျွေး လို့ တစ်နေ့မှာတော့ ရှင်အရဟံက ဂါထာ တစ်ပုဒ်ချီးမြှင့်ပြီး ပုတီးစိပ်ခိုင်းတာကြောင့် ယုံကြည်စွာ စိပ်ခဲ့ကြကြောင်း၊ သူ့အိမ်သားတောင် မယုံ့တယုံနဲ့ ပုတီးစိပ်တာ အင်းဝခေတ်နှောင်း ပိုင်းကျမှ ကွယ်လွန်ခဲ့ကြောင်း၊ ဘာဆေးမှ မစား ခဲ့ဘဲ ပုတီးကိုပဲ ယုံကြည်စွာစိပ်ခဲ့ကြောင်း၊ အခု လာတာ အဲ့ဒီစိပ်ပုတီးစိပ်နည်းဂါထာကို လှူချင်လို့ လာခဲ့တာဖြစ်ကြောင်း' ရှည်လျားစွာ လျှောက် ထားပြီး ပုတီးစိပ်နည်းဂါထာကို ဆရာတော့်ထံ ရိုသေစွာ လှူဒါန်းခဲ့ပါတယ်။ ဒါ့ကြောင့် အခု တွေ့ရတဲ့ ရဟန်းရုပ်တုဟာ ဆည်နဲ့ဘုရားဘွဲ့ နဲ့တည်တဲ့ ဒါယကာနဲ့ ခေတ်ကာလနဲ့ ပုတီး လည်မှာ ဆွဲထားတာနဲ့ လက်ဟန်အနေအထားနဲ့ ဆက်စပ်လို့ ရှင်အရဟံဖြစ်နိုင်တယ်လို့ သုံးသပ် မိပါကြောင်း။

ကျမ်းညွှန်း။ ။ လက်တွေ့ကွင်းဆင်း
လေ့လာချက်များ
ဆွမ်းဘုဉ်းပေးနေဟန်
ကြေးသွန်းဥာပနာရုပ်တု

ရက္ခိတ(ရေး/သု)

## သာစည်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**သာစည် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာ သီချင်းဖြင့် ဖျော်ဖြေဖွင့်လှစ်သည်။ ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ဖတ်ကြားသည်။ ဆက်လက်ပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ကျော်က ဖတ်ကြားသည်။ ဆက်လက်၍ အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကာ ဆရာနှင့်ပတ်သက်သော သီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေသည်။ ၎င်းနောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရေးစပ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုများ ချီးမြှင့်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် သာစည်မြို့နယ်အတွင်း နေထိုင်လျက်ရှိသော အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၅၁ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ပူဇော်ကန်တော့ပြီး နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ) (၄၈၇)

## မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး) ကန်တော့ခံ စာပေပညာရှင် ဆရာ၊ ဆရာမများ အတည်ပြုဆုံးဖြတ်

**မန္တလေး အောက်တိုဘာ ၆**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)၏ သက်ကြီးကန်တော့ခံ စာပေပညာရှင် ဆရာ၊ ဆရာမများ အတည်ပြုရွေးချယ်နိုင်ရေး လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း၊ ၇၅လမ်းနှင့်၇၆လမ်းကြားရှိ နယူးရန်ကုန်အဆင့်မြင့်ကဖေးတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမျိုးမင်းမင်းက သက်ကြီးကန်တော့ခံ စာပေပညာရှင် ဆရာ၊ ဆရာမများ အတည်ပြု ရွေးချယ်နိုင်ရေးအတွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အသင်းအလုပ်အမှုဆောင်အဖွဲ့က ဝိုင်းဝန်းဆွေးနွေးမှုများ ပြုကြပြီး အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ဘာဝနာဂုဏ်ရည်ကျောင်းတိုက်တွင် ကျင်းပသွားမည်ဖြစ်သည်။ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြု ကန်တော့ခံ စာပေပညာရှင် ဆရာ၊ ဆရာမများအဖြစ် (၁) ဆရာဦးကိုလေး(အင်းဝဂုဏ်ရည်)၊ (၂) ဆရာဦးမာဃိန္ဒ၊ (၃) ဆရာဦးကြည်အောင်၊ (၄) ဆရာဦးတင်မောင်၊ (၅) ဆရာဦးတင်လှ၊ (၆) ဆရာဝန်းသိုသစ်လွင်(နန်းရှေ့)၊ (၇) ဆရာကိုစိုး(သစ္စာ)၊ (၈) ဆရာညိုထွန်းလူ၊ (၉) ဆရာနေဝင်းမြင့်၊ (၁၀) ဆရာဦးချစ်စရာ၊ (၁၁) ဆရာပေတလူ၊ (၁၂) ဆရာမောင်သင်းပန်၊ (၁၃) ဆရာမြမောင်(မြန်မာ့အလင်း)၊ (၁၄) ဆရာခေတ္တရာမန်းသန်းမြင့်၊ (၁၅) ဆရာမ ယဉ်ယဉ်နု၊ (၁၆) ဆရာမ တင်မမခိုင်၊ (၁၇) ဆရာမ ဒေါ်နုနုကြည်(အမေ့အိမ်)တို့ကို အတည်ပြု ရွေးချယ်ကြသည်။



ဆွေးနွေးပွဲသို့ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးသန့်စင်ထွန်းနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြကြောင်း သိရသည်။

(ဝဲပုံ)
(၀၇၀)

*-*-*-*-*

## အောင်လံမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃) နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်

**အောင်လံ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃) နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက အ.ထ.က (ရွာထောင်)ကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးသည့်နေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစောနိုင်နှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဝါလကင်းလွတ် သီတင်းကျွတ်

* ဗုဒ္ဓမြတ်စွာ၊ ခုနစ်ဝါတွင်
နတ်ရွာဌာန၊ ဝတီသဉ္စ
ဓမ္မဝေဖြာ၊ ဘိဓမ္မာကို
ဝါမှာ သုံးလ၊ ဟောညွှန်ပြ၍
ဂါမလူ့ပြည်၊ ဆင်းသက်သည်ကို
ရွယ်ရည်မှတ်သား၊ စိတ်ဝယ်ထားကာ
လူများ ရှေးခါ၊ ပူဇော်ရာမှ
စဉ်လာမယွင်း၊ ကျွတ်သီတင်း။

* ဝါလွတ်ကင်းကာ၊ ထူးမြတ်ခါတွင်
နတ်ရွာဌာန၊ ဝတီသမှ
များစွ နတ်ပြဟ္မာ၊ ခြံရံကာဖြင့်
ဆင်းလာ လေကား၊ ပတ္တမြားနှင့်
မြို့များ ဗဟို၊ ပြည်နဂိုရ်ဟု
ညွှန်းဆိုပြောကြ၊ သင်္ကာသ။

* ထူးမြတ်လှစွာ၊ ဝါကျွတ်ခါတွင်
ရောင်ဝါထိန်ညီး၊ ပန်းဆီမီးပြင်
သစ်သီးဝလံ၊ ပြည့်စုံရံလျက်
စိတ်သန်ရည်စူး၊ စိန္တေဦးကို
ကြည်နူးသဒ္ဓါ၊ လျှမ်းတင့်ကာဖြင့်
မြန်စွာ ဒုက္ခ၊ ကင်းဝေးရဖို့
ကာယ်မစေရာ၊ မြတ်ဗုဒ္ဓါအား
ဖန်ခါဦးညွတ်၊ သီတင်းကျွတ်။ ။

ပန်းသခြေ



# ပညာရေးဌာန မိသားစုများက ဒုတိယအကြိမ် အရဏ်ဆွမ်းလောင်းလှူ



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ပညာရေးဌာန မိသားစုများ စုပေါင်း၍ ယမန်နေ့ နံနက် ၄ နာရီက ဆင်ပေါင်ဝဲမြို့ ပညာရေးမှူးရုံး၌ ဒုတိယအကြိမ် ဆရာတော်၊ သံဃာတော်များအား အရဏ်ဆွမ်းလောင်းလှူခဲ့ကြသည်။

ဆွမ်းလောင်းလှူပွဲသို့ မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ စုပေါင်း၍ မြို့ပေါ်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၆၄ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းများ လှူဒါန်းခဲ့ကြပြီး ကမ္ဘာအေးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်အား ဆွမ်းဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၃၃) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၅ နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ကြက်သားဟင်း၊ ရွှေဖရုံသီးနှပ်၊ ချဉ်ပေါင်ကြော်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ၁၀ စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀၀၀ ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခ မိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာနှင့် ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး၊ မိခင်ကြီး ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သား၊သမီး၊မြေးတစ်စု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား) မောင်ကျော်သက်ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်လွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးစံသာ+ဒေါ်အုန်းစိန်တို့အား ရည်စူး၍ Golden Key Cafe မိသားစု၊ ဖခင်ကြီး စန္ဒရား ဦးမောင်မောင်လေးအားရည်စူး၍ ဒေါ်တင်ဆန်းမိသားစု၊ ရပ်ကွက်နေ ပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။**(အပေါ်ပုံ)**

မဟာမြိုင်(၁)ဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်နေ့တွင် သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် လည်းကောင်း၊ လစဉ် လပြည့်နေ့တွင် ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင်လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၄ဝ)**

# ဓမ္မစကြာရွတ်ဆို ပြိုင်ပွဲကျင်းပ

**ပုဗ္ဗသီရိ အောက်တိုဘာ ၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားလူငယ်များအနေဖြင့် ဘာသာတရားရှိသေကိုင်းရှိုင်းပြီး နူးညံ့သိမ်မွေ့ယဉ်ကျေးသော ကျောင်းသားလူငယ်များ ဖြစ်လာကြစေရန်၊ အမျိုးဘာသာသာသနာထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဘုရားခန်း၌ ကျင်းပခဲ့သည်။

ကျောင်းသား၊ ကျောင်းသူလေးများအနေဖြင့် ဘာသာတရားကို အလေးထားပြီး လူကြီးမိဘ၊ ဆရာသမားများ၏ ပြောဆိုသွန်သင်ဆိုဆုံးမမှုကို နာခံလိုက်နာတတ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ဓမ္မစကြာပါဠိတော်စာသား၏ အနက်အဓိပ္ပာယ်နှင့် အကျိုးကျေးဇူးများ တရားဦးအကြောင်းအရာများကို သိရှိနားလည်နိုင်စေရန်အတွက် အခြေခံပညာအထက်တန်းအဆင့်၊အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စုစုပေါင်း ကျောင်းသား၊ကျောင်းသူ ၁၂၀ ဦးတို့က အဖွဲ့လေးဖွဲ့ခွဲ၍ ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်ခမ်းထံမှ သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ လေသာဘုန်းတော်ကြီးကျောင်းသို့ ကံမမြို့နယ် မီးသတ်တပ်ဖွဲ့မှ ရေဂါလန် ၁၆၀၀ ဂါလန်အား သီတင်းကျွတ်လပြည့်နေ့ ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ပေးပို့လှူဒါန်းခဲ့စဉ်။ (ကဆ)



သင့်သွေးဖြင့် အသက် ကယ်ပါ ။

# (၉၇)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင်အပါး ၆၀ အား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် အောက်တိုဘာ ၆**



မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၇) ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင်အပါး ၆၀ အား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို ယနေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါလောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များ စုပေါင်း၍ လစဉ်လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ (၉၇)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင် အပါး ၆၀ အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှတန်းပေးဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# နယ်စပ်တောင်တန်းဒေသ၏ ကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကဆရာတော် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နှင့် (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဖြစ်မြောက်ရေး နာယကဆရာတော် ဘဒ္ဒန္တတိက္ခအာဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၏ အသင်းချုပ်ရုံး(မန္တလေး)သို့ ပဒေသာပင်များ ရပ်ဝေး၊ရပ်နီးတို့မှ အလှူရှင်များ လာရောက်လှူဒါန်းလျက်ရှိသည်။

ယခုနှစ်တွင် ကုသိုလ်ယူကထိန်ဒါယကာ၊ ဒါယိကာမများအဖြစ် ပဒေသာပင်တစ်ပင် တစ်ကျောင်းစာကို ငွေကျပ် တစ်သိန်းတစ်သောင်းဖြင့်လည်းကောင်း၊ (၁၆) ကြိမ်မြောက် ရှင်(၁၀၀) စုပေါင်းရဟန်းခံတွင် ရှင်ဒကာ၊ ဒါယိကာမအဖြစ် ကုသိုလ်ပြုလိုပါက တစ်ပါးလျှင်ငွေကျပ်ငါးသောင်းဖြင့်လည်းကောင်း ကုသိုလ်ယူလှူဒါန်းနိုင်ပါသည်။

အလှူရှင် မန္တလေး၊ အမရပူရမြို့နယ်နေ ဆရာမ ဒေါ်ခင်နွဲ့ရီ (ငြိမ်း)က ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ ဒေါက်တာ သူရမြင့်+ဒေါက်တာ သီဂီမောင်မောင်၊ မဆုလာဘ်ဝေ မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်နေ ဒေါ်စန်းစန်းမြင့်၊ (သား)ကိုထွန်းဝင်းနိုင်၊ ကိုစိုးနိုင်ထွန်း+မစုစုလှိုင်၊ ကိုရဲမာန်ဟိန်း၊ (သမီး)မဆုဝေမြင့်၊ (မြေး)မောင်သုထက်အောင် မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဦးတင်မြင့်+ဒေါ်စိန်စိန်၊ (သမီး)ဒေါ်မြင့်မြင့်သန်း မိသားစုက ပဒေသာပင်တစ်ပင်ကို ယမန်နေ့က လာရောက်လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၄၉)**



# ကျွန်တော် လေ့လာမိသော သုခုမ

ဦးခေ

'သုခုမ'ဟူသော စကားလုံးကို မြင်လျှင် စာဖတ်သူအများစုမှာ ပန်းချီ၊ ပန်းပု၊ သဘင်၊ ရုပ်ရှင် စသည့် အနုပညာနှင့် ပတ်သက်သော ဖျော်ဖြေတင်ဆက်မှုများကိုသာ မြင်ယောင်ကြမည်ဟု ထင်ပါသည်။ ကျွန်တော်ရေးသားဖော်ပြလိုသော 'သုခုမ'ကား အလွန်မွန်မြတ်သော 'ဩဠာရိက သုခုမ'ဟူသည့် မြန်မာ့တိုင်းရင်းဆေးပညာ၏ သမိုင်းမှတ်တမ်းသာ ဖြစ်ပေသည်။

လူ့သမိုင်းအစ လူသားတို့သည် သဘာဝဘေးအန္တရာယ်နှင့် မမြင်ရသော ရောဂါဘယအန္တရာယ်တို့မှာ ဖန်ဆင်းရှင်(သို့မဟုတ်) စွမ်းအားရှင်(သို့မဟုတ်)နတ်ဒေဝတာ(သို့မဟုတ်) အင်အားကြီးမားသောအရာတစ်ခုက လုပ်ဆောင်ခြင်းကြောင့် ဖြစ်ရသည်ဟု ထင်မှတ်ကြသည်။ ထိုသို့သော အန္တရာယ်ကို ရင်ဆိုင်ရသည့်အခါ ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာကြသည်။ ထိုကြောက်ရွံ့စိတ်ကြောင့်ပင် ဖန်ဆင်းရှင်၊ စွမ်းအားရှင်၊ နတ်ဒေဝတာများနှင့် တော၊ တောင်၊ နေ၊ လ၊ မြစ် စသည်တို့ကို ကိုးကွယ်မှုပြု၍ ပူဇော်ပသခြင်း၊ ယဇ်ပူဇော်ခြင်းများ ပြုလုပ်လာကြသည်။ ထိုသို့ပြုလုပ်လျှင် အန္တရာယ်ကို ဖယ်ရှားပေးလိမ့်မည်။ မရှိမသေလုပ်လျှင် အန္တရာယ်ပေးလိမ့်မည်ဟု ယုံကြည်ကြလေသည်။ အသိဉာဏ် အနည်းငယ် မြင့်မားလာသောအခါ အင်းအိုင်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တာန်တို့ဖြင့် ကုသခြင်း၊ တားဆီးခြင်း၊ အဆောင်အဖြစ် ဆောင်ထားခြင်းတို့ကို ပြုလုပ်လာကြသည်။ အထူးသဖြင့် ထိုခေတ်အခါက စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေတို့၏ ပြုစားခြင်း၊ ဖမ်းစားခြင်းကို နှိမ်နင်းပေးသော ပညာရပ်များလည်း ပေါ်ထွန်းခဲ့သည်။ ထိုပညာရပ်တို့ကို မြန်မာ့တိုင်းရင်းဆေးသမိုင်းတွင် 'ပယောဂနယ ဆေးပညာ'အဖြစ် မှတ်တမ်းတင်ခဲ့သည်။ ထိုပညာရပ်ကို ယနေ့ခေတ်ကာလတိုင် ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် အသုံးချနေဆဲဖြစ်ကြောင်း တွေ့ရသည်။

လူသားတို့သည် အတွေ့အကြုံများအပေါ် အခြေခံ၍ မှတ်ဉာဏ်ကို အသုံးချလာကြပြီး အမှတ်အသားများ တစ်စတစ်စ တိုးတက်ကောင်းမွန်လာကြသည်။ တိုက်ဆိုင်မှုများ၊ မတော်တဆ တွေ့ရှိမှုများ စသည့် အတွေ့အကြုံများကို အခြေခံသောကုသမှုများကို ဆောင်ရွက်လာကြသည်။ ဤသို့ပေါ်ထွန်းလာသော ဆေးပညာကို 'အမှတ်အသားဆေးပညာ'အဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဥပမာ လူတစ်ယောက် ခွေးသား ချက်စား၍ ငှက်ဖျားရောဂါပျောက်လျှင် အခြားလူတစ်ယောက် ထိုရောဂါမျိုးဖြစ်ပွားပါက ခွေးသား ချက်စားခိုင်း၍ ကုသသည်။ ဆေးနည်းကို တရားသေ မှတ်သား၍ ကုသသောနည်းလမ်းဖြစ်သည်။ 'အမှတ်အသား ဆေးပညာ'သည် အသုံးချသူများကိုယ်တိုင် သတိမထားမိဘဲ ယနေ့ထက်တိုင် ရှင်သန်လျက်ရှိကြောင်း တွေ့ရသည်။ ယနေ့ခေတ်တွင် ဝေဒနာရှင်လူတစ်ဦးက ကျောက်ကပ်ရောဂါဟုဆိုလိုက်လျှင် ခံတက်ခေါက်ကို သံပရာရည်နှင့် သွေးသောက်၊ ကင်ဆာဟုဆိုလျှင် သင်္ဘော်ရွက်အရည် ညှစ်သောက်ဟု အလွယ်တကူ ဆေးညွှန်းပေးတတ်ကြသည်။ ရောဂါရင်းမြစ်ကို ဆန်းစစ်နိုင်သည့် ပညာမရှိ၊ ဆေးအတိုင်းအဆလည်း မသိ၊ ဘေးထွက်ဆိုးကျိုးလည်း နားမလည်ဘဲ ကြားဖူးနားဝနှင့် မှတ်သားထားသော ဆေးနည်းများသာဖြစ်၍ အန္တရာယ်ရှိသည်ကို သတိပြုသင့်ကြသည်။ တတ်ကျွမ်းနားလည်သည့် သမားတော်များနှင့် တိုင်ပင်ကုသသင့်သည်။

ထို့နောက်တွင် ပေါ်ပေါက်လာသော ဆေးပညာကား 'ဗိန္ဒော ဆေးပညာ'ဖြစ်၏။ ခန္ဓာကိုယ်ကို အခြေခံကျကျ သုံးသပ်၍ အကျိုးအကြောင်းနှင့် တကွ ဆင်ခြင်လာသည်ကို တွေ့ရ၏။ လေ၊ သည်းခြေ၊ သလိပ်ဟူသော အခြေခံဓာတ်သုံးဝကို စဉ်းစားဆင်ခြင်၏။ သဘာဝ အမြစ်၊ အရွက်၊ အသီး၊ အခေါက်၊ အပွင့်တို့ကို ရောဂါနှင့်ချိန်၍ လိုအပ်သလောက်ပေး၏။ ဝမ်းလျှောလျှင် ဘာကိုသောက်၊ ဝမ်းချုပ်လျှင် ဘာကိုစားဟူသော အမှတ်အသားကို လက်မခံပေ။ ဗိန္ဒော ဆေးပညာသည် ပယောဂနယ ဆေးပညာ၊ အမှတ်အသား ဆေးပညာတို့ထက် တွေးခေါ်မြော်မြင်မှု မြင့်မားလာသည်ကို တွေ့ရသည်။ ဤဆေးပညာကို 'ဘေသဇ္ဇနယ'ဟု သတ်မှတ်၏။ 'အာယုဗေဒ'ဟုလည်း ခေါ်ကြသည်။ ယနေ့တိုင် အသုံးချဆဲ ပညာရပ်တစ်ခုဖြစ်သည်ကို တွေ့ရ၏။

ဗိန္ဒော ဆေးပညာ၏ နောက်တွင် သွေး၊ သည်းခြေ၊ လေ၊ သလိပ်၊ အပုပ် ဟူသော အခြေခံဓာတ်ငါးထွေကို အခြေခံသည့် 'ပဉ္စဘုတ် ဆေးပညာ'ပေါ်ပေါက်ခဲ့သည်။ သွေးချိန်၊ သည်းခြေချိန်၊ လေချိန်၊ သလိပ်ချိန်၊ အပုပ်ချိန် ဟူ၍ ခွဲခြား၍ ဆေးပေးကုသသော ပညာရပ်ဖြစ်သည်။

ဓာတ်ငါးထွေကို အခြေခံရာမှတစ်ဆင့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ သည်းခြေ၊ အာဟာရ၊ အာကာသ ဟူသော ဓာတ်ခုနစ်ထွေကို အခြေခံထားပြီး ကုသသည့် 'နက္ခတ္တနယ ဆေးပညာ'လည်း အင်းဝခေတ်တွင် ပေါ်ထွန်းလာခဲ့သည်။ ကောင်းကင် ဂြိုဟ်သွား၊ ဂြိုဟ်လာတို့ကို တွက်ချက်ပြီး လူနာ၏ ရောဂါလက္ခဏာ၊ လူနာ၏ နက္ခတ်တို့ကို ချိန်ညှိ၍ မည်သည့်ဆေးဖြင့် ကုသရမည်ကို ညွှန်ကြားကုသသည့် နည်းဖြစ်သည်။ မည်သည့် နေ့၊ ရက် အချိန်အခါရောက်လျှင် မည်သည့်အစား စားရမည်၊ မည်သည့်အလုပ် လုပ်ရမည်ဟု ညွှန်ကြားသည့်'နက္ခတ္တနယ'ပညာရပ်၏ အရှိန်အဟုန်မှာ ယနေ့ ဆိုရှယ်မီဒီယာခေတ်အထိ ရေပန်းစား ရိုက်ခတ်ဆဲဖြစ်သည်ကို တွေ့မြင်နိုင်ပေသည်။

'နက္ခတ္တနယ ဆေးပညာ'ကဲ့သို့ပင် ဓာတ်ခုနစ်ထွေကို အခြေခံထား၍ လေ၊ သည်းခြေ၊ သလိပ်ခေါ်သော တြိဒေါသကို သတ်၍ ကုသသော 'တြိသတ် ဆေးပညာ'လည်း အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သည်။

အင်းဝခေတ်၌ပင် ဝန်စာရေးကြီး ဦးကောင်းသည် တိုးတက်လာသော ဓာတ်ခုနစ်ထွေဝါဒနှင့် ဗုဒ္ဓအဘိဓမ္မာတို့ကို အခြေခံသော ဓာတ်ငါးထွေဝါဒတို့ကို ပေါင်းစပ်၍ 'နရသုခိ ဆေးပညာကျမ်း'ကို ပြုစုခဲ့သည်။ ထိုကျမ်းကို ဗုဒ္ဓအဘိဓမ္မာအခြေခံသော 'ဒေသနာနယ'ဆေးပညာ၏ အခြေခံအုတ်မြစ်အဖြစ်လည်း ယူဆခဲ့ကြသည်။

အင်းဝခေတ်အလွန်တွင် ဗုဒ္ဓအဘိဓမ္မာအခြေခံသည့် ဓာတ်ငါးထွေဝါဒသည် 'ဒေသနာနယ ဆေးပညာ'အဖြစ် ခိုင်ခိုင်မာမာ ပေါ်ထွန်းလာခဲ့သည်။ တောင်သာ ဆေးပညာ၊ သဘာဝဓမ္မ ဆေးပညာ၊ ပရမတ္ထ အလင်းပြဆေးပညာတို့၏ အရင်းအမြစ်မှာ 'ဒေသနာနယ ဆေးပညာ'ဖြစ်သည်ဟု မှတ်သားခဲ့ရသည်။ ရှေးဆရာအဆက်ဆက်တို့ ကြိုးစားလုံ့လပြုလျက် ကြံစည်တွေးခေါ်၍ ပိုမိုကောင်းမွန်သော ကုသနည်းစနစ်များကို တီထွင်လာကြရာတွင် အင်းဝခေတ်တွင် မြန်မာတိုင်းရင်းဆေးပညာသည် အတိုးတက်ဆုံးနှင့် မူကွဲဆေးပညာ အများဆုံး ပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိရသည်။

အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာများတွင် 'ဩဠာရိက သုခုမ ဆေးပညာ'လည်း ပါဝင်သည်။ သို့သော် ကုန်းဘောင်ခေတ် တောင်တွင်းဆရာတော် ခင်ကြီးပျော် လက်ထက်တွင်မှ ထူးခြားသိသာစွာ တိုးတက်လာခဲ့သည်။ ထိုမှတစ်ဆင့် နန်းတွင်းသမားတော် ဦးပို ဆက်လက်အမွေခံခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက် ရန်ကုန်ကျောက်မြောင်းတွင် ဆရာကြီး ဦးစန္ဒ ဦးစီးသည့် မြန်မာတိုင်းရင်းဆေးရုံတစ်ရုံရှိခဲ့ပြီး နောင်တွင် အင်္ဂလိပ်အစိုးရက ပိတ်ပစ်ခဲ့ကြောင်းလည်း မှတ်သားခဲ့ရသည်။ ထိုအချိန်မှစ၍ အခက်အခဲအမျိုးမျိုး၊ ဝိဝါဒအမျိုးမျိုးကြောင့် အရှိန်ရပ်တန့်နေခဲ့သည်။ နောင်တွင် ရွှေဘို ဒီပဲယင်းနယ်မှ ဆရာကြီး ဦးအောင်ဒင်သည် ဗုဒ္ဓဒေသနာတော်၊ အာယုဗေဒ၊ အနောက်တိုင်းဆေးဝါးတို့နှင့် ကိုးကား ယှဉ်စပ်၍ ပြန်လည်မွမ်းမံ ဖော်ထုတ်ခဲ့ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့သည်။

'ဩဠာရိက သုခုမ ဆေးပညာ'သည် ဗုဒ္ဓအဘိဓမ္မာကို အခြေခံသဖြင့် 'ဒေသနာနယ ဆေးပညာ'ဟု ဆိုနိုင်သလို လေ၊ သည်းခြေ၊ သလိပ်ဟူသော ဓာတ်သုံးဝကို မူထားသဖြင့် ဘေသဇ္ဇနယ၊ ဗိန္ဒောဆေးပညာသဘောလည်း ပါဝင်ပြီး ဓာတ်ခုနစ်ပါးကို အခြေခံထားသောကြောင့် နက္ခတ္တနယ ဆေးပညာဟုလည်း ဆိုနိုင်ပေသည်။ ထို့အတူ တောင်တွင်းဆရာတော် ခင်ကြီးပျော်သည် သဂ္ဂတ၊ မာဂဓဆေးကျမ်း၊ ဓာတ်ကျမ်းတို့မှ ထုတ်နုတ်၍ မြန်မာရာသီဥတုနှင့် ကိုက်ညီအောင် ကြံဆထည့်သွင်းခဲ့သည်။ ထို့ကြောင့် ဤဆေးပညာသည် 'နည်းမျိုးစုံ ရန်ပုံခွင်း'ဆိုသည့်ပမာ နယ်ပယ်ပေါင်းစုံမှ ဆေးနည်းပေါင်းစုံကို ခြုံငုံထားသော ဆေးပညာတစ်ရပ် ဖြစ်ပေသည်။ ဩဠာရိက သုခုမ ဆေးပညာသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ သည်းခြေ၊ အာဟာရ၊ အာကာသ ဟူသော ဓာတ်ခုနစ်ထွေကို အခြေခံထားကြောင်း တွေ့ရသည်။ ရောဂါအရင်းခံဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးကို မူတည်၍ ကျိုးကြောင်းဆက်စပ် ကုသသည်။ ရုပ်အားလုံးကို ရုပ်ကြမ်း၊ ရုပ်နုဟု နှစ်မျိုးခွဲခြားထားပြီး ရုပ်ကြမ်းသည် 'ဩဠာရိက ရုပ်'၊ ရုပ်နုသည် 'သုခုမ ရုပ်'ဟု သတ်မှတ်သည်။ ဓာတ်ခုနစ်ပါးကို ခွဲခြားရာတွင်လည်း ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာဟာရတို့သည် ကြည့်၍လည်း မြင်သည်။ ထိ၍လည်း သိသည်။ ကြမ်းတမ်းသောသဘော ရှိသောကြောင့် 'ဩဠာရိကဓာတ်'ဟု ဆိုသည်။ တစ်ဖန် အာပေါ၊ သည်းခြေ၊ အာကာသဓာတ်တို့သည် ကြည့်၍ မမြင်၊ ထိ၍ မရ၊ နူးညံ့သော၊ သိမ်မွေ့သောသဘောရှိသောကြောင့် 'သုခုမ ဓာတ်'ဟု သတ်မှတ်ကြသည်။ လူနာ၏ ဝေဒနာဖြစ်ပေါ်မှုနှင့် ဓာတ်လက္ခဏာကျရောက်မှုတို့ကို သုံးသပ်၍ ဓာတ်စာနှင့် ဆေးဝါးမျှတအောင်ပေး၍ ကုသသောနည်းလမ်းဖြစ်ကြောင်း တွေ့ရသည်။ ယနေ့ မျက်မှောက်ကာလအထိ မြန်မာတိုင်းရင်းဆေးလောကတွင် ထင်ရှား၍ လက်တွေ့ကုသအောင်မြင်လျက်ရှိကြောင်း တွေ့ရပါသည်။ လူနာအား ကုသသော ဓာတ်စာနှင့် ဆေးဝါးတို့မှာ ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသော အစားအသောက်၊ အာဟာရများ၊ အသီး၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်များ စသည့် သဘာဝပစ္စည်းများသာဖြစ်၍ ဘေးထွက်ဆိုးကျိုးနည်းသော ကုထုံးဖြစ်သည်ကို လေ့လာမိပါသည်။ အသက်ရှည်ရာ အနာမဲ့ရေးအတွက် အားကိုးအားထားပြုသင့်သည့် မြန်မာ့တိုင်းရင်းဆေးပညာဖြစ်သော 'ဩဠာရိက သုခုမ ဆေးပညာ' သမိုင်းမှတ်တမ်းအား လေ့လာမိသလောက် ဗဟုသုတအဖြစ် မျှဝေအပ်ပါသည်။

ဗုဒ္ဓမြတ်စွာ ဟောထားတော်မူသော ကျန်းမာစွာ အသက်ရှည်ခြင်းအတွက် အကြောင်းတရား ငါးပါးတို့မှာ-

(၁) အရာရာ နှိုင်းချိန်ပြုလုပ်ခြင်း

(၂) အတိုင်းအရှည်ပမာဏ သိရခြင်း

(၃) ကြေကျက်လွယ်သောအစာနှင့် ဆေးဝါးများ စားသုံးခြင်း

(၄) အချိန်အခါ မတော်လျှင် မသွားလာရခြင်း

(၅) မြတ်သော ကိုယ်ကျင့်သီလရှိခြင်း တို့ဖြစ်ပါသည်။

လိုက်နာကျင့်သုံးနိုင်၍ ကျန်းမာသက်ရှည်နိုင်ကြပါစေ။

> "ဩဠာရိက သုခုမ ဆေးပညာ"သည် ဗုဒ္ဓအဘိဓမ္မာကို အခြေခံသဖြင့် "ဒေသနာနယ ဆေးပညာ"ဟု ဆိုနိုင်သလို လေ၊ သည်းခြေ၊ သလိပ်ဟူသော ဓာတ်သုံးဝကို မူထားသဖြင့် ဘေသဇ္ဇနယ၊ ဗိန္ဒောဆေးပညာသဘောလည်း ပါဝင်ပြီး ဓာတ်ခုနစ်ပါးကို အခြေခံထားသောကြောင့် နက္ခတ္တနယ ဆေးပညာဟုလည်း ဆိုနိုင်ပေသည်။

**ဩဠာရိက သုခုမ သဘောတရားနှင့် ကုထုံးကျမ်း အခြေခံသင်တန်းမှ ကောက်နုတ်ကိုးကားပါသည်။**



## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်(၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲကို မြို့နယ်ပညာရေးမှူးဦးကြည်သင်းနှင့် ပညာရေးဝန်ထမ်းများက ပဉ္စဂုဏံ အပ္ပဝန္ဒာမိ၊ အာစရိယဂုဏံ အပ္ပဝန္ဒာမိ ဂါထာတော်သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပညာရေးမှူးဦးကြည်သင်းက ပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြကာ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများက လက်ဆယ်ဖြာထိပ်မှာမိုး၍ အာစရိယဝန္ဒနာ ကန်တော့ချီးဖြင့် ညီညာဖြဖြ ဆရာကြီး၊ ဆရာမကြီးများကို ဆုတောင်းမေတ္တာပို့ကြသည်။

ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီးများက မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်း များကို ဆုံးမဩဝါဒစကားများပြောကြားပြီး ကန်တော့ခံငွေများကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးဆယ်တင်က ဆုတောင်းမေတ္တာပို့သပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀-၀-၀-၀

## မြစည်းခုံဘုရားပွဲနှင့် နစ်ကျပ်ခွဲကျေးရွာ ထီးတော်လှူပ်သိမ်တော်ဘုရားပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ ဝါလကင်းလွတ် သီတင်းကျွတ်သည့် အဘိဓမ္မာအခါတော်နေ့တွင် ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဆွမ်းလောင်းသီတင်းပတ်ပိတ်ပွဲနှင့် ဘုရားပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စည်ပေါက်ကန်ကျေးရွာအနီးရှိ ရှေးဟောင်းသမိုင်းဝင် မြစည်းခုံဘုရားပွဲနှင့် နှစ်ကျပ်ခွဲကျေးရွာရှိ ထီးတော်လှူပ် သိမ်တော်ဘုရားပွဲများရှိ အနီးဝန်းကျင်ကျေးရွာများမှ တံခွန်သွင်းကြသူများ၊ ဆွမ်းလုံးချသူများ၊ အလှူဒါနပြုကြသူများ၊ အတီးအမှုတ်အကအခုံများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာဘုရားပွဲများကို မိမိတို့ဒေသအလိုက် ပျော်ပွဲရွှင်ပွဲများ အလှူဒါနပြုကြသူများ၊ ဒေသခံ ဝါသနာရှင် အဆိုအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး ဘုရားပွဲလာပရိသတ်များကို ထမင်း၊ ဟင်း၊ အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိကြသည်။



အဆိုပါ ဘုရားပွဲများအနက် မြို့နယ်အတွင်း အထင်ရှားဆုံး ဘုရားပွဲများမှာ ကျောက်ပန်းတောင်းမြို့၏ တောင်ဘက်သုံးမိုင်ခန့်အကွာရှိ စည်ပေါက်ကန်ကျေးရွာအနီးမှ ရှေးဟောင်းသမိုင်းဝင် မြစည်းခုံဘုရားပွဲနှင့် မြို့၏ အနောက်မြောက်ဘက်ရှိ ရှင်အရဟံ သိမ်သမုတ်ခဲ့သည့် နှစ်ကျပ်ခွဲကျေးရွာမှ ထီးတော်လှူပ်သိမ်တော်ဘုရားပွဲများမှာ အစည်ကားဆုံးဖြစ်သည်။

အဆိုပါ ဘုရားပွဲများတွင် ထူးခြားသည်မှာ မြစည်းခုံဘုရားပွဲ၌ အနီးဝန်းကျင်ရှိ ကျေးရွာ ၁၃ ရွာခန့်က ဘိုးဘွားဘုရားအနေဖြင့် နှစ်စဉ် ဆွမ်းလုံးချခြင်း (ဆွမ်းတော်ကပ်ခြင်း)၊ အတီးအမှုတ် အဆိုအကများဖြင့် တံခွန်သွင်း လှည့်လည်ခြင်းများကို အပြိုင်အဆိုင် ပြုလုပ်ကြရာတွင် ဘုရားပွဲလာဧည့်သည်များကို မုန့်အချိုများနှင့် ရိုးရာမပျက် မပါမဖြစ် ကျွေးမွေးဧည့်ခံသည်မှာ မုန့်ဆီကြော်ဖြစ်ပြီး နှစ်ကျပ်ခွဲကျေးရွာ ဘုရားပွဲတွင် ကောက်ညှင်းဆန်၊ ငှက်ပျောသီးများပါဝင်၍ ထန်းရွက်နှီးဖြင့် ထုတ်ပိုးပြုလုပ်သည့် ရိုးရာမုန့်ဖက်ထုပ်ကို ဘုရားပွဲလာဧည့်သည်များကို ဧည့်ခံကျွေးမွေးခြင်းနှင့် ရပ်နီး၊ ရပ်ဝေး ဧည့်သည်များအား လက်ဆောင်ပေးကြသည်မှာ ထူးခြားမှုဖြစ်သည်။

အဆိုပါ ဘုရားပွဲများတွင် တံခွန်သွင်းသည့် အချိန်တွင် အဆိုအကများ၊ အတီးအမှုတ်များဖြင့် ဘုရားအား လှည့်လည်ပူဇော်ခြင်းများပြုလုပ်ကြရာ ဘုရားရင်ပြင်တွင် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။ ကျေးရွာအတွင်းရှိ အိမ်တိုင်းတွင်လည်း ဧည့်သည်ခေါ်သံ၊ ဧည့်သည်ကြိုသံများဖြင့် အညာတောင်သူတို့၏ ဒါနသံများ လွှမ်းခြုံကာ ဘုရားပွဲကျင်းပသည့် ကျေးရွာတိုင်းတွင် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၆)

## ကျေးလက်စည်ပင်သာယာဈေးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကျေးလက်စည်ပင်သာယာဈေးများ ဈေးအင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသပ်ရပ်မှုရှိစေရန်အတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာ ကျေးလက်စည်ပင်သာယာဈေးတွင် ဈေးပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် ရှောက်တောကျေးရွာ ကျေးလက်စည်ပင်သာယာဈေးအား သန့်ရှင်းသပ်ရပ်မှုရှိစေရန် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်ကန်ရှိ အမှိုက်များ သိမ်းဆည်းခြင်း၊ ကျေးရွာတွင်းလမ်းဘေး(ဝဲ၊ယာ)ရှိ စည်းကမ်းမဲ့စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း လုပ်ငန်းများကို စနစ်တကျစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြသန့်ရှင်းသာယာရေး၊ စည်ပင်သာယာဈေးများ ဈေးအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဈေးလုံခြုံရေးနှင့် ဈေးသူ၊ ဈေးသားများ စနစ်တကျဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရေး၊ ပြည်သူလူထု စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ ရှောင်ကြဉ်သတိပြုနိုင်ရေး အသိပညာပေးခြင်းနှင့် မြို့ပတ်ဝန်းကျင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်ကင်းစင်ရေးစသည့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။

(အောက်ပုံ)

(၄၄၅)

၀-၀-၀-၀-၀-၀-၀





## မိုးစပါးများ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကန့်ဘလူ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဧက ၁၄၂၅၅၈ စိုက်ပျိုးရန် လျာထားခဲ့ရာ စက်တင်ဘာလကုန်အထိ ၁၅၀၉၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ၈၄၂၈ ဧက ကျော်လွန်စိုက်ပျိုးနိုင်ပြီး ရာခိုင်နှုန်းအနေဖြင့် ၁၀၃ ဒသမ ၄၆ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးဇော်ထံမှ သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူမြို့နယ်မှာ မိုးစပါးဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားခဲ့ရာမှာ ဒီနှစ် စက်တင်ဘာလကုန်အထိ မိုးစပါးဧက ၁၅၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအနေဖြင့် ၁၀၃ ဒသမ ၄၆ ရာခိုင်နှုန်း ရှိပါတယ်။ ယခုလိုစိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေနဲ့ ပူးပေါင်းပြီး လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးခဲ့ပြီး မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

မိုးစပါးများအတွက်နှုန်းတိုးတက်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကွင်းဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာအုပ်စုများအလိုက် ကွင်းဆင်း၍ ပျိုးသက်နု ကောက်ကွက်ကြဲစနစ်ဖြင့် စိုက်ပျိုးစေခြင်း၊ ပျိုးပေါင်စနစ်ဖြင့် စိုက်ပျိုးစေခြင်း၊ မျိုးစေ့ချကိရိယာဖြင့် အတန်းလိုက်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာများကို အချိုးကျစွာ စနစ်တကျအသုံးပြုရေးနှင့်သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို တောင်သူများသိရှိပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် ကွင်းဆင်းပညာပေးမှုများလည်း ဆောင်ရွက်ခဲ့သည်။

စပါးကိုအထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ပပို့ကုန်အဖြစ်ပါ ရောင်းချနိုင်မည်ဖြစ်၍ ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ရေနုတ်မြောင်းသည် အမှိုက်စွန့်ပစ်ရန် နေရာမဟုတ်ပါ။

❖ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်...

❖ အစကောင်းမှ အနှောင်းသေချာမည် ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျ ဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများ အသုံးပြု၍ စနစ်တကျမြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည် အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပင်လောင်း လမ်းဆုံအနီးရှိ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်း စီမံကိန်းနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

နေပြည်တော် အောက်တိုဘာ ၆

သီတင်းကျွတ်လသည် မြန်မာရာသီ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင်မှ ဟောကြား ပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဓီဝိတဒါနငါး/ငှက်လွှတ်ခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်၌ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနီယလေးဌာန အပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် စတုဒိသာ ကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှုဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီး သွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက်တွင် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်း ဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက် အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးထွန်းညှိပူဇော်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူ အပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



မန္တလေးမြို့ အမရပူရမြို့နယ် ဝေဠုဝန်ကျောက်စိမ်းစေတီ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား လျက်ရှိသည်ကို တွေ့ရစဉ်။





# သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE) အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိ

**နေပြည်တော် အောက်တိုဘာ ၆**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE)အမျိုးသားဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြသုံးဦးနှင့် အားကစားသမား ၁၇ ဦး၊ စုစုပေါင်းအင်အား ၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက်ရလဒ်များအဖြစ် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာ (ISPE) အသင်းသည် တရုတ်(ဟူလန်း)အသင်းနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် မြန်မာ (ISPE) အသင်းက တရုတ်(ကွေ့ကျိုး)အသင်းကို ရှစ်ဂိုး၊ နှစ်ဂိုးဖြင့်လည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် မြန်မာ(ISPE)အသင်းက တရုတ်(လုံနိုင်)အသင်းကို ခုနစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် မြန်မာ (ISPE) အသင်းက တရုတ်(အား/ပညာ) အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့်

စာမျက်နှာ ၃ သို့ ✡